ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ
မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရမရ သော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)
သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday 18 February 2019 ၉၅၆၆

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ် (၇) ခုတွင် ဝက်သက် - ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အပိုဆောင်း အစုလိုက်ထိုးနှံခြင်းလုပ်ငန်း စတင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်(၇)မြို့နယ်တွင် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အပိုဆောင်းအစုလိုက်ထိုးနှံခြင်းလုပ်ငန်း စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ဒေသန္တရကျန်းမာရေးဌာနခွဲ၌ ကျင်းပသည်။

**ဝိုင်းဝန်းဆောင်ရွက်**

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာ၌ ဝက်သက်ရောဂါသည် အလွန်လျင်မြန်စွာ ကူးစက်တတ်သောရောဂါဖြစ်ပြီး ရောဂါဖြစ်ပွားပါက အထူးသဖြင့် အာဟာရချို့တဲ့သည့် ကလေးငယ်များတွင် ရောဂါ၏ပြင်းထန်သော နောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ ရောဂါကြောင့် ကိုယ်ခန္ဓာနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုများ ကျဆင်းနိုင်ခြင်းတို့အပြင် အသက်သေဆုံးနိုင်သည်အထိ ဖြစ်နိုင်ပါကြောင်း၊ ရောဂါကို ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့်သာ ကာကွယ်နိုင်ပါကြောင်း၊ ယခုကဲ့သို့ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို အချိန်တိုအတွင်း ဘက်ပေါင်းစုံမှ စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်နိုင်ခဲ့ခြင်းအပေါ် ဝိုင်းဝန်းဆောင်ရွက်ကြသူများ အားလုံးကို ကျေးဇူးတင်ရှိအသိအမှတ်ပြုပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် (၇)မြို့နယ်မှ ကလေးငယ် ခြောက်သိန်းခန့်အတွက် ယခုဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး အပိုဆောင်းအစုလိုက်ထိုးနှံရန်အတွက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အင်းစိန်မြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# ပေါက်မြို့နယ်၌ ရေပြာယောချောင်းသာအပန်းဖြေစခန်း စတင်ဖွင့်လှစ်



**ပေါက် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌော၊ ရွှေပေါင်လောင် ဘုရားဖူးခရီးစဉ်မိတ်ဆက်ခြင်းနှင့် ရေပြာယောချောင်းသာအပန်းဖြေစခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယောချောင်းအနီး ရွှေမုဋ္ဌော၊ ရွှေပေါင်လောင် ဘုရားရင်ပြင်၌ ကျင်းပရာ မြို့နယ်တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ စာရေးဆရာများနှင့် သတင်းမီဒီယာများ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ကြေးမုံ သတင်းအညွှန်း

**မင်းတုန်းမင်းတရားကြီး၏ ဆေးဓာတ်စာ 'ထမနဲ' အာဟာရ**
စာမျက်နှာ » ၆

**ကျေးလက်နေပြည်သူများအားထားရမည့် သွေးတိုးနှင့်ဆီးချိုရောဂါ စစ်ဆေးကုသရေး ဆေးခန်း**
စာမျက်နှာ » ၇



ကြေးမုံ

# ဖွံ့ဖြိုးမှုကို တွန်းအားပေးသည့်အင်အား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီဒုတိယအသွင်ကူးပြောင်းမှု သုံးနှစ်တာကာလ ပြည့်တော့မည်ဖြစ်သည်။ သုံးနှစ်တာကာလအတွင်း အစိုးရနှင့်ပြည်သူများ စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာကြောင်း မြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အဓိကတွန်းအားသည် ပြည်သူလူထုပင်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မကြာသေးမီက သွားရောက်ခဲ့သည့် တနင်္သာရီတိုင်းခရီးစဉ်အတွင်း "အရေးကြီးတာကတော့ ပြည်သူတွေရဲ့ ဘဝစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ပါပဲ။ ဒါဟာလည်း အစိုးရအနေနဲ့ ၂၀၁၆ ခုနှစ်ကစပြီး တာဝန်ယူကတည်းက ရည်ရွယ်ချက်တစ်ခုအနေနဲ့ သတ်မှတ်ခဲ့တာပါ။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ စီးပွားရေးကောင်းရုံတင် မကပါဘူး။ ပညာရေး၊ ကျန်းမာရေးဘက်မှာလည်း ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ ကျန်းမာပြီး ပညာတတ်တဲ့ ပြည်သူလူထုတွေ ဖြစ်ပြီဆိုရင် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်တဲ့ အင်အားတွေ အင်မတန်မှ တိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအင်အားမှာ ပြည်သူလူထုဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပသည့် ကာလက ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို ရရှိခဲ့သည်။ ဤသည်မှာ ပြည်သူလူထုက နိုင်ငံတော်ကို အမှန်တကယ်ပင် ပြောင်းလဲလိုသောဆန္ဒထက်သန်ပြင်းပြနေသောကြောင့် အပြောင်းအလဲကို ဖော်ဆောင်မည့် အစိုးရအား ပြည်သူလူထု၏ ဝိုင်းဝန်းထောက်ခံမှုဖြင့် ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

ပြည်သူ့အစိုးရသည် ပြည်သူနှင့်အတူ နိုင်ငံပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အပြောင်းအလဲများ တစ်ခုပြီးတစ်ခု ဖြစ်ထွန်းလာသည်ကို တွေ့ရပါသည်။ ထို့နောက် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့ကို ဆက်လက်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ လူတိုင်းလူတိုင်းသည် ကိုယ့်တာဝန်ကိုယ်သိပြီး လုပ်ပုံကိုင်ပုံ မှန်ကန်သောကြောင့် အောင်မြင်မှုကို ရရှိလာခြင်းဖြစ်သည်။ ထိုသို့ တာဝန်သိစိတ်၊ ဖြစ်ချင်လိုသော ဆန္ဒနှင့် ဝီရိယများထားရှိမှသာ မိမိတို့သွားလိုရာခရီးလမ်းသည် ခက်ခဲကြမ်းတမ်းသော်လည်း ပန်းတိုင်သို့တိုင်ရောက်ရှိနိုင်သော အင်အားများ ပြည့်ဝလာမည်ဖြစ်သည်။

"ပြောင်းလဲချိန်တန်ပြီ၊ ပြည်သူနှင့်အတူ၊ စုပေါင်းအင်အား" ဟူသည့် ဆောင်ပုဒ်များကို မည်မျှကိုင်စွဲကြွေးကြော်သော်လည်း အမှန်တကယ်ပြောင်းလဲလိုသောဆန္ဒဖြင့် ပြည်သူလူထုပါဝင်လာခြင်း မရှိလျှင်မူ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်လိမ့်မည် မဟုတ်ချေ။ အောင်မြင်ခြင်းတရားလေးပါးတွင် ဖြစ်စေလိုသောဆန္ဒမှာ အဓိကဖြစ်ပြီး အောင်မြင်လိုသောဆန္ဒရှိသည့် ပြည်သူလူထု တစ်ခဲနက်ပါဝင်မှုသည် အရေးကြီးပေသည်။

အောင်မြင်ခြင်းတရားလေးပါးသည် လူတစ်ဦးချင်းအတွက်သာမက တစ်နိုင်ငံလုံးအတွက်ပါ အကျိုးသက်ရောက်မှုရှိပေသည်။ အောင်မြင်ခြင်းတရားလေးပါးမှာ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာတို့ဖြစ်သည်။ ထိုလေးပါးသောအင်္ဂါများနှင့် လုပ်ဆောင်သွားမည်ဆိုလျှင် မအောင်မြင်သောအရာဟူသည်မှာ ဘယ်မှာမှ ရှိနိုင်လိမ့်မည် မဟုတ်ချေ။ ထိုလေးပါးတရားများ ပြည်သူများကြားတွင် လွှမ်းခြုံဖြန့်ကြက်ဖြစ်တည်နေရန်ဆိုလျှင် ညီညွတ်မှုသည် အဓိကကျပေသည်။ ညီညွတ်မှုရှိမှသာ တစ်နိုင်ငံလုံး စုပေါင်းအင်အားများဖြင့် အောင်မြင်ခြင်းအကြောင်းလေးပါးကို အရင်းခံပြီး နိုင်ငံတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံး၏ အဓိကမျှော်လင့်ချက်မှာ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေးဖြစ်သည်။ ထိုမျှော်လင့်ချက်များကို အစိုးရနှင့်အတူလက်တွဲ၍ အောင်မြင်ခြင်းတရားလေးပါး လက်ကိုင်ထားပြီး တစ်တိုင်းပြည်လုံးရှိ ပြည်သူလူထုအားလုံး ညီညီညွတ်ညွတ်လက်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဆိုပါက မျှော်မှန်းထားသည့် အောင်မြင်မှုပန်းတိုင်သို့ မလွဲမသွေရောက်ရှိနိုင်လိမ့်မည် ဖြစ်ပါသတည်း။ ။




**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြစ်ကြီးနား ၁ ဒသမ ၁၈ လက်မ
လောင်းလုံး သုည ဒသမ ၆၇ လက်မ
မချမ်းဘော သုည ဒသမ ၅၉ လက်မ
မိုးကောင်း သုည ဒသမ ၅၉ လက်မ
ပူတာအို သုည ဒသမ ၄၃ လက်မ
ဗန်းမော် သုည ဒသမ ၄၃ လက်မ
ကန့်ဘလူ သုည ဒသမ ၃၅ လက်မ

မိုး/ဇလ

## ထူးကဲဒီရေတက်မှု ကာကွယ်နိုင်ရန်နှင့် နွေသီးနှံစိုက်ပျိုးနိုင်ရန် ရေငန်တားတာတမံ တည်ဆောက်မှု ယခုလကုန်တွင် ပြီးစီးမည်



**စစ်တွေ ဖေဖော်ဝါရီ ၁၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အဝဒါကျေးရွာအနီးတွင် ဒေသခံတောင်သူများ နွေရာသီ စိုက်ပျိုးရေရရှိရန်နှင့် မိုးရာသီ ထူးကဲဒီရေတက်ရောက်မှုမှ ကာကွယ်ရန် ရေငန်တားတာတမံတည်ဆောက်နေမှုမှာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ရေချိုချောင်းပိတ်လုပ်ငန်း ပြီးသွားရင် နွေရာသီမှာ စိုက်ပျိုးရေနဲ့ တိရစ္ဆာန်တွေအတွက် ရေချိုရရှိမယ်။ မိုးရာသီမှာ ထူးကဲဒီရေတက်လို့ စပါးခင်းတွေ ပျက်စီးတာကနေ ကာကွယ်ပေးနိုင်မယ်။ ဒီစီမံကိန်းကို ၂၀၁၈ နိုဝင်ဘာလက စလုပ်ခဲ့တာ အခု ဖေဖော်ဝါရီလ ကုန်လောက်ဆို ပြီးစီးမှာ ဖြစ်ပါတယ်။ ပွင့်လင်းရာသီဆိုရင် အဝဒါကနေ ရသေ့တောင်ကို ဆိုင်ကယ်တွေ၊ ကားလေးတွေနဲ့ တာပေါ်ကနေ သွားလာနိုင်မှာ ဖြစ်ပါတယ်"ဟု ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်နိုင်က ပြောသည်။

အဆိုပါ စီမံကိန်းအား ရသေ့တောင်မြို့နယ် အဝဒါကျေးရွာအနီးတွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး (၆ ပေ× ၆ပေ) သုံးပေါက် ကွန်ကရစ် ရေတံခါးတစ်ခု တည်ဆောက်ခြင်း၊ ခေါင်းတုံးချောင်း ပေ ၄၂၀ ချောင်းပိတ်ခြင်းနှင့် တာတမံအလျားပေ ၂၀၀ တာ ပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီဒေသက နွေရာသီဆိုရင် ရေချိုရှားပါးမှုကို ဆိုးဆိုးရွားရွားခံရတယ်။ ကျွဲ၊ နွားတွေကို ရွာက အများသုံးရေကန်ကနေ ရေတိုက်ရတယ်။ ရွာမှာက ရေချိုမရလို့ ဆောင်းသီးနှံစိုက်ဖို့အတွက် အဆင်မပြေဘူး။ အခု တာတမံပြီးသွားရင် ပြားချောင်းကြီးကျေးရွာအုပ်စုမှာပါတဲ့ ရွာလေးရွာအတွက် ဆောင်းသီးနှံစိုက်ပျိုးဖို့ ရေချိုရတဲ့အပြင် မိုးတွင်းထူးကဲဒီရေတက်တာကိုပါ တားပေးနိုင်တယ်လို့ သိရပါတယ်"ဟု အဝဒါကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ငွေလုံး ငွေရင်းနှင့် သာမန်အသုံးစရိတ်ဖြင့် လုပ်ငန်းကိုးခု ဆောင်ရွက်ပြီးစီးခဲ့ပြီး ဆောင်ရွက်ဆဲ လုပ်ငန်း ၅၅ ခုရှိကြောင်း သိရသည်။

**ဟန်လင်းထက်**

## မန္တလေး ပန်းချီ၊ ပန်းပုကျောင်းဆင်းများ၏ လက်ရာမွန်ပန်းချီ၊ ပန်းပုပြပွဲကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးပန်းချီ၊ ပန်းပုကျောင်း(၁၉၅၃-၂၀၁၈)ခုနှစ်အထိ တက်ရောက် ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၊ တာဝန်ထမ်းဆောင်ခဲ့ကြသည့် နည်းပြဆရာများ၊ ကျောင်းအုပ်ကြီးများ စုပေါင်းရေးဆွဲထားသည့် မြန်န္ဒာပန်းချီ၊ ပန်းပုပြပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် ၆၆ လမ်း၊ လမ်း ၂၀နှင့် ၂၂ လမ်းကြားရှိ ပန်းချီ၊ ပန်းပုကျောင်း(မန္တလေး)ပန်းချီပြခန်းတွင် ကျင်းပရာ အထက်မြန်မာပြည်ရေဆေးပန်းချီဆရာများအသင်းနာယက ကျောင်းအုပ်ကြီး(ငြိမ်း)ဦးဝင်းဖေ၊ ပန်းချီပညာရှင် ဦးခင်မောင်သန်း၊ ဦးကျော်ညွန့်တို့ တက်ရောက်အားပေးပြီး ပြပွဲကိုဖွင့်လှစ်ပေးသည်။ ပန်းချီပြပွဲတွင် ပန်းချီ၊ ပန်းပုကျောင်းဆင်း ပန်းချီဆရာ ၁၄၀ ကျော်၏ လက်ရာမွန်ရေဆေး၊ ဆီဆေး၊ ခဲပန်းချီ၊ အက်ခရိုင်းလစ်ပန်းချီကား ၂၂၀ ကျော်နှင့် ပန်းပုလက်ရာ ၃၀ ကျော် ပြသထားသည်။

မြန်န္ဒာပန်းချီ၊ ပန်းပုပြပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသပြီး ဆရာစူးမြင့်သိန်း၏ Performance Art၊ ဆရာတမ္ပဝတီ ဦးဝင်းမောင်၊ ဆရာဦးဝေချစ်ကို၊ ဆရာဦးတင်လှဝင်းထင်၊ ဆရာဦးအောင်ကျော်တို့၏ ပန်းချီ၊ ပန်းပုဆိုင်ရာဟောပြောပို့ချမှုများလည်းပါရှိရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပန်းချီအထူးပြုကျောင်းသားများအပါအဝင် ပန်းချီဝါသနာရှင်များ လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၉၅၇ ခု တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၅၂၇

# ပညာရေးစနစ် ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် ကောင်းမွန်သောမူဝါဒ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရမည်



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်အဖွဲ့ ရတနာပုံတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ပါမောက္ခချုပ်များ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးတို့က အဆင့်မြင့်ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**အားလုံးဝိုင်းဝန်းပူးပေါင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပိုမိုကောင်းမွန်သော ပညာရေးစနစ်သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် ကောင်းမွန်သောမူဝါဒ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရာတွင် အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် လူမှုဝန်းကျင်တွင် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင် ဘွဲ့ရလူငယ်မောင်မယ်များကို ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ တက္ကသိုလ်အရည်အသွေး ပိုမိုမြင့်မားရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဌာနတွင်း စီမံခန့်ခွဲမှုများဖြစ်သည့် အတန်းခွဲဝေမှု၊ သင်ကြားသင်ယူမှု၊ စာမေးပွဲဆိုင်ရာများ၊ ကျမ်းကြီးကြပ်မှုနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိ ထိရောက်စွာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မဂ္ဂဇင်းကြေး၊ ပြက္ခဒိန်ကြေး၊ စားသောက်ဆိုင်ခန်းခများ၊ ဘွဲ့နှင်းသဘင်ကြေး၊ ဓာတ်ပုံတင်ဒါကြေး၊ ကျောင်းသုံးရည်ညွှန်းစာအုပ်စာတမ်းကြေးများ၊ လက်တွေ့/နည်းပြစာအုပ်ကြေးစသည့်ငွေကြေးများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ စာရင်းစစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပါမောက္ခ/ဌာနမှူးများက ဌာနရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကို အပတ်စဉ်တွေ့ဆုံ၍ အခက်အခဲများ၊ စိန်ခေါ်မှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့် မဖြေရှင်းနိုင်သည့် ကိစ္စရပ်များကို ပါမောက္ခချုပ်ထံတင်ပြပြီး ပါမောက္ခချုပ်က အခက်အခဲရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အပတ်စဉ်တွေ့ဆုံညှိနှိုင်းဖြေရှင်းရန်၊ ဆက်လက်ပြီး ပါမောက္ခချုပ်ကလည်း မဖြေရှင်းနိုင်သည့်အခက်အခဲ၊ စိန်ခေါ်မှုများကို ပါမောက္ခချုပ်များကော်မတီနှင့် ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား မတူကွဲပြားမှုများကို အပြန်အလှန်နားလည်ရေး၊ လေးစားတန်းဖိုးထား၍ ကူညီဖြည့်ဆည်းဆောင်ရွက်တတ်ရေး၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရေး၊ စာကြည့်တိုက်အသုံးပြု၍ စာများများဖတ်ကာ သင်ယူတတ်ရေး၊ အားကစား၊ ဂီတ၊ အနုပညာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်တတ်ရေး၊ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်တတ်ရေးအတွက် သင်ကြားသင်ယူလေ့ကျင့်ပေးရန်လိုပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ရရှိလာသည့် သုတေသနရလဒ်များကို ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် ရေးသားဆောင်ရွက်ကြစေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းတွင် အတော်ဆုံး ကျောင်းသားကျောင်းသူများကို ဆရာ ဆရာမအဖြစ် ရွေးချယ်ဆောင်ရွက်နေကြပါကြောင်း၊ အတော်ဆုံးဆရာ ဆရာမများ၊ အရည်အသွေးရှိသော ဆရာ ဆရာမများကသာ ထူးချွန်သော ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်မည်ဖြစ်၍ ဆရာ ဆရာမအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အားပေးပါကြောင်း၊ တက္ကသိုလ်များ အရည်အသွေးပိုမိုမြင့်မားလာရေး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုမွေးထုတ်ပေးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

**ပညာရေးလုပ်ငန်းစဉ်များဆွေးနွေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မန္တလာဒီဂရီကောလိပ်၊ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံကာ ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုအခြေအနေများ၊ အားနည်းချက် အားသာချက်များ၊ ဖြေရှင်းဆောင်ရွက်ရမည့် အခက်အခဲ၊ စိန်ခေါ်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်များသို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံကာ ပညာရေးလုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ ကိုယ်စားလှယ်များ၏ လေ့လာရေးခရီးစဉ် ဆက်လက်သွားရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ ကိုယ်စားလှယ်အဖွဲ့များ၏ ပထမအကြိမ် လေ့လာရေးခရီးစဉ် စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသားပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြရာ ပြတိုက်အတွင်းပြသထားသည့် သီဟာသနပလ္လင်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်းနှင့် မြန်မာအနုသုခုမပြခန်းစသည့် ပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး အဖွဲ့ဝင်များ၏ သိရှိလိုသည်များကို အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းပြကွက်၊ ကျောက်မျက်ပြကွက်၊ ပုလဲပြကွက်၊ ငွေထည်ပစ္စည်းပြကွက်နှင့် သယံဇာတပြကွက်များကို ပြတိုက်မှူးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အဖွဲ့ဝင်များ၏သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။



တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း/အဖွဲ့ကိုယ်စားလှယ်အဖွဲ့များ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် ကြည့်ရှုလေ့လာကြစဉ်။

အလားတူ ပြတိုက်အဆောက်အအုံ မြေညီထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များကို လှည့်ပတ်ကြည့်ရှုကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူအားပေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့များသည် ငလိုက်ဆည်ဆင်စခန်းနှင့် Junction Center တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့များအား ညပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးရုံး၌ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းသိရသည်။

**လူမော်၊ ဓာတ်ပုံ-ထန်းဖုန်**

❖ ရှေ့ဖုံးမှ

တက်ရောက်ကြသည်။

"အပန်းဖြေစခန်းက ဒီနေ့စတင်ဖွင့်လှစ်တာပါ။ သကြၤန်ပြီးတဲ့အထိ ဖွင့်မှာပါ။ ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေအတွက် တည်းခိုနိုင်အောင် အကောင်းဆုံးစီစဉ်ထားပါတယ်။ ကျွန်တော်တို့ဒေသရဲ့ သမိုင်းဝင်တန်ခိုးကြီးဘုရား နိုင်ငံသိစည်ကားလာကာ ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပြီး အပန်းဖြေစခန်းဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်အေးက ပြောသည်။

အဆိုပါဘုရားနှင့်အပန်းဖြေစခန်းသည် ပခုက္ကူမြို့မှ အနောက်ဘက် ၃၂ မိုင် ၄ ဖာလုံအကွာ ပုသိမ်-မုံရွာကားလမ်းမပေါ်၊ ပခုက္ကူ - ပေါက်ကားလမ်းနှင့်ဆုံရာ လမ်းဆုံအနီးတွင်တည်ရှိသည်။

ရွှေမုဋ္ဌောစေတီတော်သည် သာသနာနှစ် ၂၃၆ ခုနှစ်ခန့်တွင် သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့ပြီး ရွှေပေါင်လောင်ခေါ် ကျားစီးရွှေပေါင်လောင်ဘုရားကိုမူ သာသနာနှစ် ၁၇၃၉ ခုနှစ်ဝန်းကျင်တွင် နရပတိစည်သူမင်းကိုးကွယ်သော ပေါင်လောင်ရှင်ကဿပ ရဟန္တာအရှင်မြတ်သည် သီဟိုဠ်ကျွန်းမှ ရရှိပင့်ဆောင်ခဲ့သော ဓာတ်တော်များကို မင်းကြီးအားပေး၍ ဘုရားတည်ထားခဲ့ကြောင်း သိရသည်။

ဘုရားပွဲတော်ကို တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်ကျော် ၂ ရက်အထိကျင်းပပြီး နှစ်စဉ်ဇာတ်နှစ်ဇာတ်ထည့်သွင်းကပြသည့် ပွဲတော်ဖြစ်ကာ ပခုက္ကူဒေသတွင် အစည်ကားဆုံး ပွဲတော်လည်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နှင့် လမ်းမတော်မြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံဖွင့်ပွဲများ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ Gas Insulated Switchgear(GIS) ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။



**တိုးချဲ့တည်ဆောက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က တောင်ဥက္ကလာပမြို့နယ်ရှိ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများ (အိမ်ထောင်စု ၃၃၆၉၇) ကို စုစုပေါင်းတပ်ဆင်အင်အား ၅၀ အမ်ဗွီအေရှိ ဓာတ်အားခွဲရုံ ၂ ရုံဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေရသည့်အတွက် ဗို့အားပြည့်ဝမှုမရှိခြင်း၊ နွေရာသီကာလများတွင် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများတွင် ဝန်အားပြည့်ကျော်လွန်မှု (Overload) များ ဖြစ်ပေါ် လျက်ရှိပြီး လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိခြင်း စသည့် အခြေအနေများကို ကြုံတွေ့ခဲ့ရပါကြောင်း၊ ထို့ကြောင့် ဗို့အားတည်ငြိမ်ပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး ၆ ဒသမ ၆/၀ ဒသမ ၄ ကေဗွီ ၁၀၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားဖြန့်ဖြူးပေးနေသော ယခုဓာတ်အားခွဲရုံနေရာတွင် တပ်ဆင်အင်အား စုစုပေါင်း ၄၀ အမ်ဗွီအေရှိသည့် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံကို အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခင်က ၁၆၀ ဗို့ဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဗို့အားကျဆင်းမှုများရှိခဲ့၍ ယခုအခါ တပ်ဆင်အင်အား ၄၀ အမ်ဗွီအေကို တိုးချဲ့တည်ဆောက်ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အပြင် တောင်ဥက္ကလာပမြို့နယ်ရှိ လက်ရှိလျှပ်စစ်မီးသုံးစွဲသူ လူဦးရေ သုံးပုံတစ်ပုံခန့်မှာ ဗို့အားပြည့်မီစွာဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဓာတ်အားစနစ် ပိုမိုတောင့်တင်းခိုင်မာစေရန် ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာဓာတ်အားလိုင်း မိုင် ၆၀၊ ဝန်အားပြည့်လျက်ရှိသော လှိုင်သာယာ-မြောင်းတကာ ဓာတ်အားလိုင်း၏ဝန်အားကို မျှတစေရန် ၂၃၀ ကေဗွီ ရွာမ-လှိုင်သာယာ-ဝါးတရာဓာတ်အားလိုင်း ၁၁ မိုင်၊ သာကေတဓာတ်အားပေးစက်ရုံ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း၊ ၂၃၀ ကေဗွီ အလုံ-လှော်ကား-ရွာမနှင့် သာကေတခွဲရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ထက်ဝက်နီးပါးခန့်ကို ရန်ကုန်တိုင်းဒေသကြီးက သုံးစွဲလျက်ရှိရာ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းအချို့တို့တွင် ဝန်အားပြည့်ကျော်လွန်သုံးစွဲနေရ၍ ဝန်အားပြည့်နေသော ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ဝန်အားမျှခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ရရှိသည့် ဘဏ္ဍာငွေအပြင် ချေးငွေများကို အသုံးပြုပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားခွဲရုံကို ငွေကျပ် ၅ ဘီလီယံခန့် အကုန်အကျခံကာ တည်ဆောက်ခဲ့ပြီး ဓာတ်အားခွဲရုံသို့ ဓာတ်အားရောက်ရှိရန် ဆက်စပ်ဓာတ်အားလိုင်းများတည်ဆောက်ခြင်းအတွက် ငွေကျပ် ၁ ဒသမ ၉ ဘီလီယံခန့် အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူများအားလုံး လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး၊ စိုက်ပျိုးရေးအခြေခံ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများ တိုးတက်ရရှိရေးတို့အတွက် အထူးအလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုအားလုံး၏ ၅၅ ရာခိုင်နှုန်းခန့်အား နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၂×၂၀ အမ်ဗွီအေ Gas Insulated Switchgear (GIS) ဓာတ်အားခွဲရုံကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်သစ်သစ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ယင်းနောက် ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ GIS ဓာတ်အားခွဲရုံ၏ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြည်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ၆၆/၁၁ ကေဗွီ၊ ၂× ၂၀ အမ်ဗွီအေ Gas Insulated Switchgear (GIS) Hospital Complex ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် အဆိုပါဓာတ်အားခွဲရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဓာတ်အားခွဲရုံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားကာ လမ်းမတော်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ၆၆/၁၁ ကေဗွီ၊ ၂× ၂၀ အမ်ဗွီအေ GIS ဓာတ်အားခွဲရုံအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာနှင့် လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ၆၆/၁၁ ကေဗွီ၊ ၂ × ၂၀ အမ်ဗွီအေ GIS ဓာတ်အားခွဲရုံ၏ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အိန္ဒိယနိုင်ငံ၏ တတိယအကြိမ် အထောက်အပံ့ရန်ပုံငွေဖြင့် လေရှီးမြို့နယ်အတွင်း မြေသားလမ်းနှင့် သံကူကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာ-အိန္ဒိယချစ်ကြည်ရေးစီမံကိန်းအရ အိန္ဒိယသမ္မတနိုင်ငံ၏ တတိယအကြိမ် အထောက်အပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ရန်နွေး- မွန်းကိုင်လင် - ကံ့ကော်ကုန်း-ဘန်းကုလား-ကော်လကန် မြေသားလမ်း(၆/၆) မိုင်နှင့် ကျောက်စရစ်ချောင်း(၆၀'×၂၄'×၁၅') သံကူကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါလမ်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးအောင်တင်ကျော်၊ လေရှီးမြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**လှည့်လည်ကြည့်ရှု**

အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက မြေလမ်းနှင့် ကွန်ကရစ်တံတားတို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံ၏ တတိယအကြိမ် အထောက်အပံ့ရန်ပုံငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်း၊ တံတားလုပ်ငန်း ၁၄ ခု၊ ပညာရေးလုပ်ငန်း ခြောက်ခု၊ ကျန်းမာရေးလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း ၂၁ ခုအား ခွင့်ပြုငွေကျပ် ၃၁၇၁ ဒသမ ၈၃၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တာချီလိတ်ခရိုင် မြို့များတွင် နေထိုင်သူများ တစ်နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ခွင့်ရပြီ

**တာချီလိတ် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်းရှိ မြို့များတွင် နေထိုင်ပြီး အိမ်ထောင်စုဇယားရှိသူများကို တစ်နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Border Pass)အား ပြုလုပ်ခွင့်ရပြီဖြစ်ကြောင်း သိရသည်။

ယခင်က တာချီလိတ်မြို့နယ်အတွင်းနေထိုင်ပြီး အိမ်ထောင်စုဇယားရှိသူများကိုသာ တစ်နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ပြုလုပ်ပေးခဲ့ပြီး ယခုအခါ ခရိုင်အတွင်းရှိ တာလေ၊ ကျိုင်းလပ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယုမြို့များတွင် နေထိုင်၍ အိမ်ထောင်စုဇယားရှိသူများကိုလည်း တစ်နှစ်စာ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ပြုလုပ်ခွင့်ပြုလိုက်ပြီဖြစ်သည်။

"အခုဆိုရင် တာလေ၊ မိုင်းဖြတ်တို့က ပြည်သူတွေလည်း တစ်နှစ်စာလက်မှတ်လုပ်လို့ရသွားပါပြီ။ အမြဲသွားလာနေသူတွေအတွက် အဆင်ပြေသွားတာပေါ့"ဟု တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တစ်နှစ်စာလက်မှတ်နဲ့က အကုန်အကျသက်သာသလို အချိန်စောင့်ရတာလည်း သက်သာသွားတယ်။ ကောင်းမွန်တဲ့ လုပ်ဆောင်မှုတစ်ခုပါ" ဟု တာချီလိတ်ဒေသခံတစ်ဦးက ပြောသည်။

တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁)မှ ငွေကျပ် ၁၀၀၀ နှင့် ထုတ်ပေးသည့် ပုံမှန်နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်သည် ထိုင်းနိုင်ငံတွင် တစ်ပတ်နေထိုင်ခွင့်ရှိပြီး တစ်နှစ်စာနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်သည် ငွေကျပ် ၃၀၀ သာကုန်ကျပြီး ထိုင်းနိုင်ငံတွင် နှစ်ပတ်နေထိုင်ခွင့်ရှိကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# လိုပြည့်အေးချမ်းသာ ဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်တင်လှူပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ ဓမ္မပါလကုန်းတော်သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာတွင် တည်ထားသည့် လိုပြည့်အေးချမ်းသာဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်တင်လှူခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်ခြင်းနှင့် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူခြင်း အလှူတော်မင်္ဂလာအခမ်းအနားတို့ကို ယနေ့နံနက် ၈ နာရီတွင် ရိပ်သာဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဆရာတော် သံဃာတော်များထံ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဥပါသကာများက ဆက်ကပ်ကြပြီး ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ပရိဝုဏ်အတွင်း ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ဆွမ်းဆန်စိမ်းလောင်းလှူ**

ထို့နောက် မဟာစည်သြဝါဒါစရိယ ရွှေမင်းဝံဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ သောဘနထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များနှင့် အရံစေတီထီးတော်များကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် စေတီတော်အထွတ်သို့ မင်္ဂလာရထားပုံဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြရာ ဆရာတော် သံဃာတော်များက “ဇယန္တော ဗောဓိယာမူလေ” အစချီအောင်ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။



**သတင်းစဉ်**

❍ **ရန်ကုန်တိုင်းဒေသကြီးမှ**
နိုင်ငံတော်မှ ကုန်ကျစရိတ်စုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၅၆၀၀၀၀ ကျော်နှင့် Gavi အဖွဲ့မှ ကျန် ၁၆ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀၇၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကာကွယ်ဆေးများ လုံလောက်စွာရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့သော Gavi အဖွဲ့နှင့် Unicef အဖွဲ့တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံရာတွင် ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ မိခင်များအတွက် သံဓာတ်အားဆေးများပေးအပ်ခြင်းတို့ကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ နီးနွယ်ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများအားလုံးမှ ကဏ္ဍစုံ၊ အဖွဲ့အစည်းစုံ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအပိုဆောင်း အစုလိုက်ထိုးနှံမှု ဆောင်ရွက်နေသည့် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ ကာကွယ်ဆေးထိုးစခန်းတို့၌ ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းဆောင်ရွက်နေမှုများ၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်အတူ ကျန်းမာရေးအသိပညာပေးနေမှုများကို လှည့်လည်ကြည့်ရှုကာ ကာကွယ်ဆေး လာရောက်ထိုးနှံခဲ့သည့် ကလေးငယ်များကို အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယခုအခါ ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားမှု များပြားနေသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံဆိပ်ကမ်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံနှင့်အင်းစိန် စုစုပေါင်း မြို့နယ် ခုနစ်မြို့နယ်တွင် အသက် ကိုးလမှ ၁၅ နှစ်အောက် ကလေးသူငယ်များကို ဝက်သက်-ဂျိုက်သိုးရောဂါ အပိုဆောင်း အစုလိုက် ထိုးနှံပေးခြင်းလုပ်ငန်းများအား ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ထိုးနှံဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပြုလုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးတွင် ဆီးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးကုသမှု ဆေးပေးခန်းများ ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးရှိ ဒေသန္တရကျန်းမာရေးဌာန ၂၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာန ၉၁ ခုတို့တွင် ဆီးချိုနှင့် သွေးတိုးရောဂါစစ်ဆေးကုသမှုဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ခဲ့မှုနှင့် အခြေခံကျန်းမာရေးပညာရှင်များကို သင်တန်းများ အကြိမ်ကြိမ်ပေး၍ ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ လှည်းကူးမြို့နယ် စာဘူးတောင်းကျေးလက် ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးနိုင်လင်းဦးနှင့် တိုက်ကြီးမြို့နယ် မြောင်းတကာကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ဖြူဖြူသက်တို့က ကျန်းမာရေးဌာနများတွင် ဆီးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးစမ်းသပ်ကုသမှုဆေးပေးခန်းများ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆေးတက္ကသိုလ်(၁)မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ရဲတင့်လွင်က “ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး” ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားကြသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် စာရင်းဇယားအချက်အလက်များမှာလည်း အထူးအရေးကြီးပါကြောင်း၊ ရောဂါဖြစ်ပွားမှုအရေအတွက်၊ အခြေအနေများကိုသိရှိခြင်းဖြင့် ဆေးနှင့်ဆေးပစ္စည်းများကို ချိန်သားကျ တွက်ချက်ဝယ်ယူနိုင်ခြင်း၊ လိုအပ်သည့်သင်တန်းများ လုပ်ဆောင်နိုင်ခြင်း စသည်တို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ပါမောက္ခကြီးများ၊ ကျွမ်းကျင်ပညာရှင်ကြီးများအနေဖြင့် အကြံဉာဏ်များလည်း ပေးအပ်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးဆေးကုဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာနွယ်နွယ်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာကိုကိုတို့က ဆီးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးကုသမှု ဆေးပေးခန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အထွေထွေ မေးမြန်းကာ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ဝက်သက်ရောဂါသတိပြုပါ (၂)

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles Virus) ကြောင့် ဖြစ်ပွားသည်။ ဝက်သက်ရောဂါဖြစ်ပွားပါက ဝက်သက်ဗိုင်းရပ်စ်ကို သတ်နိုင်သောပိုးသတ်ဆေးမရှိပါ။ ကာကွယ်ဆေးကြိုတင်ထိုးထားခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်းဖြစ်သည်။

**ဘယ်သူတွေကိုကူးစက်နိုင်ပါသလဲ**

ကာကွယ်ဆေးမထိုးသူများအားလုံး (အသက်အရွယ်မရွေး၊ ကျား/မ မရွေး) ဝက်သက်ရောဂါကူးစက်နိုင်ပါသည်။

**ဘယ်လိုကူးစက်တတ်ပါသလဲ**

- ရောဂါဖြစ်ပွားနေသူ **ချောင်းဆိုး/နှာချေခြင်း**ဖြင့် ဝက်သက်ဗိုင်းရပ်စ်ပိုးသည် လေထဲသို့ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားသူများသို့ ကူးစက်ခံရနိုင်ပါသည်။
- ရောဂါဖြစ်ပွားနေသူချောင်းဆိုး/နှာချေခြင်းမှထွက်သော အညစ်အကြေး (တံတွေး၊ နှပ်၊ သလိပ်) များကို တိုက်ရိုက်ထိတွေ့ခြင်းဖြင့်လည်းကူးစက်ခံရနိုင်ပါသည်။
- **တစ်ဦးမှတစ်ဦးသို့ အလွန်လျင်မြန်စွာ ကူးစက်တတ်ပါသည်။**
- ရောဂါဖြစ်ပွားနေသူနှင့် အနီးကပ်နေထိုင်ပြီး ကာကွယ်ဆေးထိုးထားခြင်းမရှိခဲ့ပါက ၁၀ ဦးလျှင် (၉) ဦးအထိ ကူးစက်ခံရနိုင်ပါသည်။
- ဝက်သက်ရောဂါတွင် အနီစက်/အနီပျဉ်များ မထွက်ပေါ်မီ (၄) ရက်နှင့် ထွက်ပေါ်ပြီး (၄) ရက်အထိကာလသည် အခြားသူသို့ **ကူးစက်နိုင်ခြေအများဆုံးကာလဖြစ်သည်။**

**ဘယ်လိုကာကွယ်ရမလဲ**

- ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပါ။ **(ပထမအကြိမ် ကလေးအသက် (၉) လနှင့် ဒုတိယအကြိမ် ကလေးအသက် (၁၈) လ )**
- ဝက်သက်ပေါက်နေသူနှင့် ထိတွေ့ခြင်းနှင့် လူစုလူဝေးထူထပ်သော နေရာများသို့ သွားလာခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- လူနာနှင့်ထိတွေ့ပါက နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်အုပ်ပါ။
- လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။

**ဝက်သက်ရောဂါကြိုတင်ရန် မိမိ၏ကလေးငယ်ကို ကာကွယ်ဆေးထိုးနှံပါ။**
**ပထမအကြိမ် - အသက် (၉)လ**
**ဒုတိယအကြိမ် - အသက် (၁၈)လ**
**ဝက်သက်ရောဂါကာကွယ်ဆေးလုံးဝမထိုးရသေးသောအသက် (၅)နှစ်အောက် ကလေးများကို နီးစပ်ရာကျန်းမာရေးဌာနတွင် သွားရောက်၍ ထိုးနှံပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




## မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း၏ ပညာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN)က ကြီးမှူး၍ ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်နှင့် Dr. Song So Han တို့၏ ပညာရပ်ဆိုင်ရာဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း(MPAN)၏ ဥက္ကဋ္ဌ ဦးစောလုလုထော်က အမှာစကားပြောကြားပြီး (ဝဲပုံ) ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်၊ Dr. Song So Han တို့နှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဆရာကြီးဒေါက်တာအောင်ထွန်းသက်က Ensuring Public Accountability ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr. Song So Han က Renewable Energy & Business Model; Considering Sustainability ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ယင်းနောက် ဟောပြောဆွေးနွေးခဲ့သည့် ဆရာကြီးဒေါက်တာအောင်ထွန်းသက်နှင့် Dr. Song So Han တို့ကို မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း(MPAN)က အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**

# မင်းတုန်းမင်းတရားကြီး၏ ဆေးဓာတ်စာ 'ထမနဲ' အာဟာရ

## ■ရာမည-သွေးမွန်

တပို့တွဲလရာသီ အချိန်အခါသို့ ရောက်သဖြင့် လက်ပံပင်၊ ပေါက်ပင်တို့သည် တညီတညွတ်တည်း ပွင့်ကြလေပြီ ဖြစ်သည်။ ထိုအခါ လူတို့သည် လက်ဆယ်ချောင်းကို ကြာမှုံဖူးစေလျက် ဦးတင်ချီကာ ရောင်ခြည်ခြောက်သွယ် ထွန်းပသော စေတီတော်ခြေရင်း၌ ထေရဝါဒဗုဒ္ဓဘာသာများပီပီ ပန်းနှင့်နံ့သာတို့ကို တင်လှူကြမည်ဖြစ်သည်။ ညဉ့်အခါ၌ နှင်းကျ၍ ငွေရောင်ရှိသော နှင်းပေါက်တို့သည် စီစီရီရီရှိကြသည်။ ယုဂန်တောင်၏ အစွန်းအထိပ်ဆီတွင်လည်း မာဃနက္ခတ်သည် ဖြိုးဝေစွာ အရောင်တောက်ပ ထွန်းလင်းလျက်ရှိတော့သည်။

❖ **ရာသီချိန်ခါရောက်လို့**
**လဲပေါက်ကယ်တဲ့ ပွင့်ညီ။**
❖ **ရွှေပန်းနံ့သာနှင့်**
**ခြောက်ရောင်ဝါ စေတီရင်းမှာ**
**ဆယ်စင်းလက်စုံဖူး**
**ဦးမြှောက်လို့ချီ။**
❖ **ငွေနှင်းရယ်စီ**
**သုံးလီသမယ။**
❖ **ရောင်ဖြိုးဝေစွာနှင့်**
**ယုဂန်သာ တောင်တော်စွန်းမှာ**
**ထွန်းလိမ့် မာဃ။ ။**

(ဖိုးသူတော်ဦးမင်း)

"မြန်မာတို့ ရှေးအခါက လေ့လာလိုက်စားရသော ပညာရပ်များနှင့် ယခုအခါ လေ့လာလိုက်စားရသော ပညာရပ်များသည် များစွာခြားနားလျက်ရှိပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့သည် ရှေးကဗျာများကို နားမလည်နိုင်ကြဖြစ်ရသည်။ နားမလည်သောကြောင့်လည်း မဖတ်မိကြရှိသည်။ မဖတ်မိကြသောကြောင့်လည်း မြန်မာမှုကို လျစ်လျူပြုမိကြတော့သည်။ မြန်မာတို့သည် ခေတ်မီအောင် တိုးတက်ကြိုးစားခိုက်တွင် မိရိုးဖလာ မြန်မာမှုကိုလည်း မမေ့သင့်ကြချေ"။

ဤသည်ကား ပစ္စုပ္ပန်ကာလလူငယ်တို့ မြန်မာမှုနှင့် ကွာဟလာသည့် အခြေအနေကို ဆရာကြီးမင်းသုဝဏ်က ထောက်ပြသွားခြင်းဖြစ်သည်။ "ဖိုးသူတော်ဦးမင်း၏ သဘာဝပြက္ခဒိန်နှင့် အခြားစာများ"စာအုပ်မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ မည်မျှ မှန်ကန်မည်ကို လေ့လာသုံးသပ်ကြစေ လိုပါသည်။ ရှေးကဗျာကို နားမလည်နိုင်ဖြစ်ရသည်ကို နားလည်အောင် ကြိုးစားကြရမည့်အစား ပစ်ပယ်ထားလိုက်လိုသူက အများစုဖြစ်သည်။

ယင်းသို့သော အားနည်းချက်ကွက်လပ်ကို "ခါချဉ်ကောင် မာန်ကြီးလို့" ဟူ၍ပင်ဆိုဆို၊ စွမ်းနိုင်သမျှ အင်အားဖြင့် မိမိတို့မှာ ရေးသားကြိုးစား ကွက်လပ်ဖြည့်ကြရမည်သာ ဖြစ်သည်။ ရာဇဝင်မှာ ချန်ရစ်ခဲ့ကြသည့် မြန်မာမှု ရာသီစာ ဆယ့်နှစ်လရာသီဘွဲ့ အလင်္ကာတို့ကို၊ ကျမ်းကိုးတို့ကို အမှီပြုကာ ရေးသားရပါကြောင်း ဦးစွာပြောလိုပါသည်။

မိမိတို့မြန်မာမှုဆယ့်နှစ်လရာသီတွင် တပို့တွဲသည်ကား ဆောင်းရာသီ၏ နှောင်းပိုင်းဟု ဆိုရပါမည်။ မြူနှင်းတို့ကလည်း မကုန်တတ်သေးပေရာ တပို့တွဲလ၏ရာသီစာ "ထမနဲပွဲ"က အခြေအနေအချိန်အခါနှင့် လွန်စွာမှ သင့်လျော်ကိုက်ညီသည်ဟု ဆိုရပါမည်။ နေ့ပူ ညချမ်း ရာသီဥတု အကူးအပြောင်းကြမ်းလှသည့်ကာလ။ လူတို့ မအီမသာ ထိုင်းထိုင်းမှိုင်းမှိုင်းရှိ၏။ တိုင်းရင်းဆေးပညာရှင်တို့က"တေဇောအကျဉ်းကျနာ"ဟု သမုတ်သည်။ ထိုသို့သော ဝေဒနာအတွက် ကောက်ညှင်းဆန်၊ မြေပဲဆန်၊ ချင်း၊ နှမ်း၊ အုန်းသီးဆန်၊ စသည်တို့ကို ရောသမမွှေ၍ ဆေးအာဟာရအဖြစ် စားသုံးပေးရန် ညွှန်ကြားလေ့ရှိသည်။

ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက်တွင် နန်းတွင်းသာမက တိုင်းပြည်အဝှမ်းတို့ကိုပါ ထိုဆေးဓာတ်စာကို စားသုံးကြရန် အမိန့်တော်မှတ်ခဲ့ရာကစ၍ ယနေ့တိုင် မြို့ထိပ်၊ ရွာထိပ်၊ လမ်းထိပ်များတွင် တပျော်တပါး စုပေါင်းကာ ထမနဲထိုးသည့်ဓလေ့ အလေ့အထဖြစ်ပေါ်လာသည်ဟု ပညာရှင်တို့က ဆိုသည်။

ထမနဲပွဲကျင်းပရာ တပို့တွဲလသည်ကား မြန်မာ့လများတွင် ဆယ့်တစ်ကြိမ်မြောက်လဖြစ်၍ တပို့တွဲလ၏ အမည်ပညတ်ချက်သည်ကား ထန်းဖူးလ၊ ထန်းခိုင်တို့ တွဲလျားညွတ်ကျသော အချိန်အခါသမယနှင့် ကြုံကြိုက်သည်။ ရှေးအခါက ရေးထိုးခဲ့ကြသော ကျောက်စာများတွင် တပို့တွဲကို တပိုဝ်ထွယ်၊ တပိုဝ်ထွဲ၊ တပိုဝ်တွဲ၊ တပိုဝ်တွယ်၊ တပိုဝ်ထွယ် စသည်ဖြင့် ရေးထိုးခဲ့ကြဖူးသည်ကို လေ့လာသိရှိရသည်။

ဗေဒင်အလိုအားဖြင့်ကား 'ကုံ'ရာသီဟု ခေါ်သည်။ ယင်းသို့ခေါ်ဝေါ်ရသည်မှာ ရာဇမတ္တဏ်ကျမ်းတွင်..ဟဒြော ဂေါ-ကုံရာသီ၊ ဃဋော-ကုံရာသီ၊ ကုမ္ဘော-ကုံရာသီဟူ၍ ပရိယာယ် သုံးပါးပြသည်။ ထို သုံးပါးလုံးပင် အိုး ပရိယာယ်ပင်တည်း။ အိုးထမ်းသော ယောကျ်ားသဏ္ဌာန်ရှိ၏ဟု ဆိုသည်။ ထိုရာသီကား မာဃနက္ခတ်နှင့်ယှဉ်၍ လပြည့်သောကြောင့် မာဃမာသဟူ၍ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့တွင် ဆိုသည်။ တပို့တွဲလဟူသည်နှင့်ပတ်သက်၍ ဝေါဟာရတ္ထပကာသနီကျမ်း၌ "ချမ်းကျက်လွန်ကဲ၊ တပို့ဆွဲလဟု၊ မြူရှဲရောင်ပ၊ ပြည့်သည့်လဝယ်"စသည်ဖြင့် လယ်ယာလုပ်သားတို့၏ ထမ်းပိုးကို ဆွဲထားသည်။ တွဲလျားရှိစေသည်။ ထို့ကြောင့် တပို့တွဲလဟု အနက်သင့်ခေါ်သည်ဟု ပြဆိုထားသည်။ ဝေါဟာလိနတ္ထဒီပနီကျမ်းတွင်မူ 'ကုံ'ရာသီကို စွဲ၍ မြန်မာမှုအလိုအားဖြင့် တပို့တွဲခေါ်ကြောင်း၊ အမရကောသ အဘိဓာန်ကျမ်း သဂ္ဂဝဂ်တွင်လာ "တပါ-ပူပန်ရာ ဖြစ်သောလ၊ အယံ- ဤသဒ္ဒါသည်၊ မာသေ-တပို့တွဲလ၌၊ ဘဝေ-ဖြစ်၏။" ဟူ၍လည်းကောင်း။ ထိုမှတစ်ပါး ပညာရှိတို့ ကြံဆကြသည်မှာ "တပံသူရိယာတပဌာနံ၊ ခါဝယတိ ပလာယတိ တပို့ ခွဲ" တပံသူရိယာတပဌာနံ- နေပူရာ နေရောင်ရှိရာ အရပ်သို့၊ ခါဝယတိ ပလာယတိ- ပြေးသွားစေတတ်၏။ ဣတိတသ္မာ -ထို့ကြောင့်၊ တပို့ခွဲ- တပိုခွဲ မည်၏။ စသည်ဖြင့် သဒ္ဒါကြေ ပါဠိမှီ နည်းပါးသည့် တပို့တွဲလအကြောင်းကို ပြဆိုကြသည်။

နက္ခတ်အလိုအားဖြင့် "မာဃ" စန်းယှဉ်၍ မွန်းတည့်သည်။ ရာသီရုပ်မှာ ရေထမ်းသမား ဆင်းရဲသားပုံဖြစ်ကာ ရာသီပန်းမှာ ပေါက်ပွင့်၊ လဲပွင့် တို့ဖြစ်ပါ၏။ စာဆိုမယ်ခွေ၏အဲချင်းတွင် "တပို့တွဲ၌၊ ပေါက်လဲငုံကင်း၊ ထန်းရည်ငယ်နင်းကြသည်၊ နှင်း ထုံထုံငယ်နှင့်လေး.."ဟူ၍လည်းကောင်း စာဆိုဦးကြင်ဥကလည်း"ထန်းရည်နင်း ပေါက်ကင်းတဲ့ လဲငုံ၊ ဆက်ရက် သာရကာနှင့်၊ ရော်ရွက်ဝါ တမာနု၊ လွမ်းသူ့ ပူပုံ.."ဟုဆိုသည်။ တပို့တွဲလတွင် ထန်းလုပ်သားတို့၏ ထန်းရည်နင်းသည့် အကြောင်းကိုလည်း ဖော်ပြစပ်ဆိုကြသည်။

> **မိမိတို့ သတိပြုရမည်မှာ ထမနဲသည် အပူစာချည်းဖြစ်သည်။ ဆီကို နိုင်အောင် ထည့်ထားသဖြင့် အလွန်ချမ်းသော တပို့တွဲလမျိုးတွင် ချွေးဒီးဒီးကျအောင် ထိုးကြရ၍ စားကြရသဖြင့် ရာသီစာနှင့် ကိုက်ညီတွက်ချက်ထားခြင်း ဖြစ်သည်။**

ရာသီပန်းနှင့် ပတ်သက်၍လည်း စာဆိုတော်ဦးပြုံးချို၏ သဖြန်တွင်.. "ပေါက်လဲရယ်တဲ့ ပွင့်စီစီ၊ ဝတ်ပန်း သူရာရေကြောင့်၊ ဆက်ရက်တွေ သံစုံကျူးကြတယ်၊ မြူးတဲ့ရာသီ၊ ငွေသော်တာ ကြယ်မာဃငယ်နဲ့၊ ထွန်းလျှံပပြည့်ခါညီ၊ ပြာရီလဲ့ မြူခိုး၊ ယာဂုပွဲကိုတဲ့၊ လှူမြဲ အလွန်ရွှင်လို့၊ ခုနစ်စဉ်တာရာလျှမ်းသည်နှင့်၊ ဆူးပန်းတွေ ဝေဝေပွင့်ကြတယ်၊ ထူးတင့် မည်ဘို့"ဟု ဖွဲ့သည်။

ဤတပို့တွဲလသည် နံနက်စက်နာရီ ၆း၂၀တွင် နေထွက်လေ့ရှိ၍ ညနေ ၅း၄၀နာရီအချိန်တွင် နေဝင်လေ့ရှိသဖြင့် ညတာမှာ နေ့တာထက် ပို၍ ရှည်သည်။ ဆီးနှင်းကျသော ရာသီဖြစ်ကာ ချမ်းအေးနေလေ့ ရှိသည်။ ယင်းသို့သောလတွင် ရက်မစုံ လကွယ်သဖြင့် ၂၉ ရက်သာရှိသည်။ တပို့တွဲ ကျွဲချိုဖျားဆတ်ဆတ်ခါသည်ဟူ၍ လည်းကောင်း။ "နှာရည်ယိုရွှဲ တပို့တွဲ "ဟူ၍ လည်းကောင်း ဆိုရိုးစကားပြုလေ့ရှိသည်။

တပို့တွဲသည် ထမနဲပွဲကျင်းပကြသည့်အလျောက် ကောက်သစ်စပါး ပေါ်ချိန်နှင့် တိုက်ဆိုင်ကာ တပျော်တပါး စုပေါင်း၍ တစ်မျိုး။ မိသားစုအလိုက်တစ်ဖုံ။ တစ်နိုင်တစ်ပိုင်တစ်မျိုး။ အပြိုင်အဆိုင်ထိုးကြကာ ဆွမ်းကပ်၊ ကျောင်းလှူ မိတ်သင်္ဂဟများသို့ ကျွေးမွေးလှူဒါန်းကြလေ့ရှိကြသည်သာ ဖြစ်သည်။ ထို့ကြောင့်လည်း စာဆိုတို့က "တပို့တွဲလ ကုံသို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ မီးပုံယာဂုပွဲ.. "ဟုဆိုသည်။

ထမနဲ( ထမင်းနဲ့ )သည် ကောက်ညှင်းဖြင့် စီမံပြုလုပ်သော မြန်မာတို့၏ ချိုဆိမ့်မွှေးသည့် အစားအစာတစ်မျိုးဖြစ်သည်။ ကောက်ညှင်းကို ထပ်ပြန်တစ်လဲလဲဖြင့် ကော်များ၊ ပတ်စာများနယ် စေးပိုင်အောင်၊ အကြိမ်ကြိမ် ဖိသိပ် လူးနယ်ရသောကြောင့် ထမင်းနဲ့ဟုလည်း ခေါ်သည်။ ဤသည်ကိုပင် အချို့သော ဒေသတို့တွင် ဒေသိယဝေါဟာရအဖြစ် "ယာဂု"ဟုလည်းခေါ်ကြသေးသည်။ "ယာဂု"သည် ပါဠိဝေါဟာရဖြစ်၍ မြန်မာစကားအဖြစ် "ဆန်ပြုတ်" ဖြစ်သည်။

ကောက်ညှင်း၊ အုန်းဆီ၊ မြေပဲ၊ ချင်း၊ နှမ်းဆီ၊ နှမ်း နိုင်နိုင်ထည့်ရသဖြင့်လည်း "နှမ်းမနဲ"ဟုလည်း ခေါ်ကြပြန်သေးသည်။ ကောက်ညှင်း ကောက်သစ်ပေါ်ချိန်တွင် မိမိတို့ မြန်မာလူမျိုးများ နိုင်ငံအနှံ့တွင် မြို့ပြရော ကျေးလက်ဒေသများတွင်ပါ ကျင်းပကြသည်သာဖြစ်သည်။ အစဉ်အလာနှင့် ဆယ့်နှစ်လရာသီပွဲများတွင် အပါအဝင်ဖြစ်ရာ တပို့တွဲလဆန်းမှစ၍ လပြည့်နေ့တိုင်အောင် ရှေးရှေးသောမင်းများ အဆက်ဆက်ကာလများတွင်ပါ ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့ကြသည်။

ထမနဲတွင် ပါရသော အဆာတို့၏ အချိန်အဆ မှန်ဖို့လိုသည်။ ယင်းသို့မှန်ပါမှလည်း အလွန်စားကောင်းရုံ သာမက ရက်ရှည်လည်း အထားခံသည်။ ဆေးပညာ ရှုထောင့်အရ အအေးဒဏ်ကိုခံနိုင်ရန် ဆေးဝါးအာဟာရအဖြစ် စားကြသဖြင့် ကျန်းမာရေးနှင့်လည်း ညီညွတ်စေသည်။ သို့ဖြစ်၍ အချိုးအစား အချိန်အဆမှန်ကန်ရေးအတွက် ရှေးစာဆိုတို့က တေးထပ်လင်္ကာမျိုးဖြင့် .. "ကုံရာသီမာသ၊ သဘာဝရွှင်စွာ၊ ထာဝရစဉ်လာ၊ များသူငှာ ခြိမ့်သဲ၊ ညာဇမ္ဗူသာခုခေါ်အောင်၊ ယာဂုတော် ကြိုဆောင်သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ။ လေးပြည်သာ ထည့်မြဲ။ ချိန်ပိဿာ လျှံကြည်ရွှဲအောင်လို့၊ နှမ်းဆီလည်း ထည့်ပြန်။ မြေပဲဆန်အဋ္ဌသုညငယ်နှင့် ဒွတ္တိံသ တိလဗီဇ။ အုန်းသီးစိပ်ကျပ်ဝီသံငယ်၊ လောနတံ ချိန်သတ်နှင့်။ ချင်း နဖတ်သိင်္ဂီ မျှင်ရွှေ၊ သုံးကျပ်မသွေ၊ နည်းစဉ်ဆက် သမုဆွေငယ်၊ ဥပဒေ မော်ကွန်းပလေး ..။"

အဓိပ္ပာယ်မှာ .. ကောက်ညှင်းလေးပြည်ကို ရေစင်အောင်ဆေး၊ ဆီတစ်ပိဿာကို ဒယ်အိုးတွင် ထည့်ကာ ချင်းသုံးကျပ်သားနှင့် ဆီသတ်၍ ကောက်ညှင်း ထည့်နှပ်ရသည်။ ကောက်ညှင်းနပ်၍ ဆီပြန်သော် ဖိုမှချ ကြေအောင် နဲ့နယ်ရသည်။ ယင်းသို့ နဲ့ရ၊ နယ်ရသည်တွင် ယောက်မကြီးနှစ်လက်ဖြင့် ပွတ်ခြေရသဖြင့် ကြေသွားသော ကောက်ညှင်းတွင် မြေပဲ ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိပ် ၂၀ ကျပ်သား၊ ဆား ခုနစ်ကျပ်သား နှံ့အောင်ထည့်၍ မွှေသော် အရသာထူးကဲသော ထမနဲ (ထမင်းနဲ့) အဖြစ်သို့ ရောက်၏။

မိမိတို့ သတိပြုရမည်မှာ ထမနဲသည် အပူစာချည်းဖြစ်သည်။ ဆီကိုနိုင်အောင်ထည့်ထားသဖြင့် အလွန်ချမ်းသော တပို့တွဲလမျိုးတွင် ချွေးဒီးဒီးကျအောင် ထိုးကြရ၍ စားကြရသဖြင့် ရာသီစာနှင့် ကိုက်ညီတွက်ချက်ထားခြင်း ဖြစ်သည်။ အလွန်အေး၍ ကိုယ်စားကိုယ်ရေ အဆီခြောက်ခန်းချိန်ဖြစ်သဖြင့် ဆီနိုင်သော ဤထမနဲကို စားသုံးလျှင် စိုပြည်လာမည်။ အပူဓာတ်ရလာမည်ဟု ယူဆကြသည်။ မဟာနရီကွန်ချာဆေးကျမ်း၌မူ ပထဝီပျက်သူများ ထမနဲကို စားသင့်ကြသည်ဟု ဆိုထားသည်။

မိမိတို့ မြန်မာများအဖို့ တပို့တွဲလသည် ကောင်းသောလတစ်လဖြစ်၍ မင်္ဂလာအမှုများ၊ ကုသိုလ်ကောင်းမှုများ၊ ရာသီနှင့်လိုက်လျောညီထွေ ရှိလှသော မြန်မာအာဟာရအစားအစာများ ဖန်တီးကျွေးမွေးခြင်းဖြင့် ပျော်ရသောကာလဖြစ်သည်။ တက်ညီလက်ညီ စုပေါင်းလုပ်ဆောင်ပြီး ရဟန်းသံဃာတော်များကိုလှူဒါန်း၊ မိတ်ဆွေ သင်္ဂဟများကို ဝေငှ၊ အချင်းချင်းဝေမျှစားကြသည်။ နှစ်စဉ်နှစ်တိုင်းလည်း အစဉ်အလာမပျက် ကျင်းပခဲ့သော ပွဲတော်ကြီးဖြစ်သည်။ ဤလတွင်းမှာပင် ပြည်ထောင်စုနေ့လည်း တိုက်ဆိုင်နေသောလလည်း ဖြစ်နေတတ်သည်။ ထို့ကြောင့် တပို့တွဲလသည် ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာ ပျော်ပွဲရွှင်ပွဲ လူမှုရေးသာမက ကုသိုလ်ရေး၊ ဘာသာရေး ရောနှောနေသော အစဉ်အလာဓလေ့ကောင်းတစ်ရပ် ဖြစ်သည်။

တပို့တွဲလနှင့် စပ်လျဉ်း၍ ပညာရှိတို့ ခက်ဆစ်အဖြေထုတ်ထားသည်ကို ဖော်ပြရလျှင် ..

**တ .. .. .. တာလ-တန်း၊ ထန်း(ပုဒ်ပျက်မှလာသည်)**
**ပို့ .. .. ..ချွန်-မို့- ဖု- လုံး**
**တွဲ .. .. ..တွဲစေသည်။**
**တပို့ .. .. ..ထန်းဖူး-ထန်းခိုင်တံ**
**တာလ .. .. ..ထန်း(ပါဠိ)**
**ရာသီ .. .. ..ကုံရာသီ**
**ပန်း .. .. ..ပေါက်-လဲ**
**နက္ခတ် .. .. ..မာဃ**
**ပွဲတော် .. .. ..ထမနဲပွဲ**
**လစဉ် .. .. ..ဆယ့်တစ်လ**

**ကျမ်းကိုး**

**-မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)/(၅)**
**-ဝေါဟာရတ္ထပကာသနီကျမ်း။**
**-ဝေါဟာရလီနတ္ထဒီပနီကျမ်း**
**-ဖိုးသူတော်ဦးမင်း၏သဘာဝပြက္ခဒိန်နှင့်အခြားစာများ(မင်းသုဝဏ်)**

# ကျေးလက်နေပြည်သူများအားထားရမည့် သွေးတိုးနှင့်ဆီးချိုရောဂါ စစ်ဆေးကုသရေးဆေးခန်း

ဒေါက်တာသံလွင်ထွန်း၊ ဒေါက်တာကျော်ကံကောင်း၊
ဒေါက်တာနန်းနိုင်နိုင်ရှိန် (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)



သွေးတိုးနှင့်ဆီးချိုရောဂါ စစ်ဆေးကုသရေးဆေးခန်းတွင် ကျန်းမာရေးအသိပညာပေးစဉ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၇၈ ခုနှစ်ကပင် "အားလုံးကျန်းမာ ခရစ်နှစ် ၂၀၀၀ မှာ (Health for All by the year 2000)" ဟူသော ရည်မှန်းချက်ကိုချမှတ်ခဲ့ပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနည်းလမ်းအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံတွင်လည်း စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြရာ ကျေးလက်နေပြည်သူများ အပါအဝင် နိုင်ငံသားအားလုံးကို ပဏာမကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းဖြင့် စောင့်ရှောက်ပေးလျက်ရှိပါသည်။

ယခင်က ပဏာမကျန်းမာရေးစောင့်ရှောက်မှုဟူသည် ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်ခဲ့သော်လည်း လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ရောဂါဖြစ်ပွားမှုပုံစံများ ပြောင်းလဲလာခြင်း၊ လူတို့၏ မျှော်မှန်းသက်တမ်းရှည်လာခြင်း၊ သက်ကြီးလူဦးရေ ပိုမိုများပြားလာခြင်းစသည့် အကြောင်းများကြောင့် ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်များသည်လည်း ပြောင်းလဲလာခဲ့ပါသည်။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းစသည့် လုပ်ငန်းများကိုလည်း တိုးချဲ့ထည့်သွင်းခဲ့ပါသည်။

## စစ်ဆေးကုသပေးနိုင်

၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် WHO STEPS Survey အရ မြန်မာနိုင်ငံရှိ အရွယ်ရောက်သူ ၂၅ နှစ်မှ ၆၄ နှစ်အတွင်း ၂၆ ဒသမ ၄ ရာခိုင်နှုန်းတွင် သွေးတိုးရောဂါရှိကြောင်း၊ ၁၀ ဒသမ ၅ ရာခိုင်နှုန်းတွင် ဆီးချိုရောဂါရှိကြောင်းနှင့် ၂၂ ဒသမ ၄ ရာခိုင်နှုန်းတွင် အဝလွန်ရောဂါရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့အတူ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော National Survey on Causes of Death using verbal autopsy အရ သေဆုံးမှုအားလုံး၏ ၇၄ ရာခိုင်နှုန်းသည် သွေးတိုး၊ ဆီးချိုရောဂါ အပါအဝင် မကူးစက်နိုင်သောရောဂါများကြောင့် ဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ လူဦးရေအများဆုံးနေထိုင်ရာ ကျေးလက်ဒေသများတွင် အဆိုပါ သွေးတိုး၊ ဆီးချိုရောဂါများကို ပိုမိုတိုးမြှင့် စစ်ဆေးကုသပေးနိုင်ရန် လိုအပ်လာပါသည်။

## ဆွေးနွေးမှာကြားခဲ့

သို့ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးလက်ကျန်းမာရေးဌာနများတွင် ဗုဒ္ဓဟူးနေ့တိုင်း သွေးတိုးနှင့် ဆီးချိုရောဂါ စစ်ဆေးကုသရေးဆေးခန်းများကို ဖွင့်လှစ်၍ ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းစောင့်ရှောက်ပေးရန် ၂၀၁၈ ခုနှစ် မေလတွင် လမ်းညွှန်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြည်သူ့ကျန်းမာရေးဦးစီးမှူးများအား နေပြည်တော်တွင် ခေါ်ယူတွေ့ဆုံကာ ဆေးခန်းများကို အောင်မြင်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဆွေးနွေးမှာကြားခဲ့ပါသည်။

## ရည်ရွယ်၍ ဖွင့်လှစ်ခြင်း

အဆိုပါ ဗုဒ္ဓဟူးနေ့ဆေးခန်းများကို ဖွင့်လှစ်ရာတွင် ပြည်သူလူထုအနေဖြင့် ထိရောက်၍ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီလာရေးနှင့် မကူးစက်နိုင်သောရောဂါများ၊ အထူးသဖြင့် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရန် ရည်မှန်း၍ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါဆေးခန်း၌ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာကို မြှင့်တင်ပေးခြင်းဖြင့် ပြည်သူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းနှင့်ပြည်သူလူထုတစ်ရပ်လုံး မိမိတို့၏ ကျန်းမာရေးကို မိမိကိုယ်တိုင် စောင့်ရှောက်တတ်လာနိုင်စေရန်နှင့် ကျန်းမာရေးဝန်ထမ်းနှင့် ပြသရန်လိုအပ်သည့် အချိန်တွင်လည်း အချိန်မီပြသ၍ ကုသမှု ခံယူလာတတ်စေရန် လည်းကောင်း၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါ ရှိ၊ မရှိကို စောစီးစွာ စစ်ဆေးဖော်ထုတ်ပေးရန်၊ ရောဂါတွေ့ရှိပါက ကုသပေးရန်၊ လိုအပ်ပါက အထက်အဆင့်ဆေးရုံ၊ ဆေးခန်းများသို့ ညွှန်းပို့ပေးရန်နှင့် ကျန်းမာရေးအသိပညာပေးရန်လည်းကောင်း ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

ယင်းဗုဒ္ဓဟူးနေ့ဆေးခန်းများကို ပဏာမကျန်းမာရေးစောင့်ရှောက်မှု၏ အခြေခံသဘောတရားများဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှရရှိစေခြင်း၊ ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးခြင်း၊ ဒေသနှင့်လိုက်လျောညီထွေမှုရှိပြီး အများပြည်သူလက်ခံနိုင်သော နည်းစနစ်များကို အသုံးပြုခြင်း၊ လူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူ ဆောင်ရွက်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။



သွေးတိုးနှင့်ဆီးချိုရောဂါ စစ်ဆေးကုသရေးဆေးခန်းတွင် လာရောက်ပြသသည့် သက်ကြီးရွယ်အိုတစ်ဦးအား သွေးပေါင်ချိန်တိုင်းပေးစဉ်။

## တွေ့ရှိကုသပေးနိုင်ခဲ့

ဆေးခန်းသို့ လာရောက်ပြသသူများအား အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်း၊ Body Mass Index ကို တွက်ချက်ပေးခြင်း၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါရှိ၊ မရှိစစ်ဆေးပေးခြင်း၊ ရောဂါတွေ့ရှိပါက ကုသပေးခြင်း၊ လိုအပ်ပါက အထက်အဆင့် ဆေးရုံ၊ ဆေးခန်းများသို့ ညွှန်းပို့ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိပါသည်။ ဆေးခန်းစတင်ဖွင့်လှစ်ပြီး နှစ်လအကြာတွင် ဆန်းစစ်မှုအရ မြို့နယ် ၁၂၉ မြို့နယ်မှ ပေးပို့လာသော စာရင်းများအရ အမျိုးသား ၃၁၉၀၀၁ ဦးနှင့် အမျိုးသမီး ၄၆၁၄၇၉ ဦးတို့ကို သွေးတိုးရောဂါ ရှိ၊ မရှိ စစ်ဆေးပေးနိုင်ခဲ့ပြီး အမျိုးသား ၃၉၆၈၃ ဦးနှင့် အမျိုးသမီး ၅၁၃၄၃ ဦးတို့ကို ကုသပေးနိုင်ခဲ့ပါသည်။ ထို့အတူ အမျိုးသား ၁၀၀၀၅၇ ဦးနှင့် အမျိုးသမီး ၁၅၂၃၀၂ ဦးတို့ကို ဆီးချိုရောဂါ ရှိ၊ မရှိ စစ်ဆေးပေးနိုင်ခဲ့ပြီး အမျိုးသား ၁၀၉၇၇ ဦးနှင့် အမျိုးသမီး ၁၉၂၁၀ ဦးတို့ကို ကုသပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ သွေးတိုးရောဂါစစ်ဆေးပေးသူများအနက် အမျိုးသား ၁၂ ရာခိုင်နှုန်းကျော်နှင့် အမျိုးသမီး ၁၁ ရာခိုင်နှုန်းတို့တွင် သွေးတိုးရောဂါ တွေ့ရှိကုသပေးနိုင်ခဲ့ပြီး ဆီးချိုရောဂါ စစ်ဆေးပေးသူများအနက် အမျိုးသား ၁၁ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၃ ရာခိုင်နှုန်းတို့တွင် ဆီးချိုရောဂါ တွေ့ရှိကုသပေးနိုင်ခဲ့ပါသည်။

## လမ်းညွှန်တိုက်တွန်းချက်

သို့ဖြစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်တိုက်တွန်းချက်အရ ၂၀၁၈ ခုနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနများတွင် စတင်ဖွင့်လှစ်ခဲ့သော ဗုဒ္ဓဟူးနေ့ သွေးတိုးနှင့် ဆီးချိုရောဂါ စစ်ဆေးကုသရေး ဆေးခန်းများသည် ကျေးလက်နေပြည်သူများတွင် သွေးတိုးနှင့် ဆီးချိုရောဂါများဖြစ်ပွားမှုကို စောစီးစွာ ရှာဖွေဖော်ထုတ်ပေးနိုင်ခြင်း၊ စောစီးစွာ ညွှန်းပို့ပေးနိုင်ခြင်းဖြင့် နောက်ဆက်တွဲရောဂါများကို ကာကွယ်ပေးနိုင်ခြင်းတို့ဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ကျန်းမာရေးအသိပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဟူးနေ့ သွေးတိုးနှင့် ဆီးချိုရောဂါစစ်ဆေးကုသရေးဆေးခန်းများသည် မြန်မာနိုင်ငံတွင် သွေးတိုးနှင့် ဆီးချိုရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြိုးပမ်းချက်မှတ်တိုင်တစ်ခုအဖြစ် အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



သွေးတိုးနှင့်ဆီးချိုရောဂါ စစ်ဆေးကုသရေးဆေးခန်းတွင် လာရောက်ပြသသည့် သက်ကြီးရွယ်အိုတစ်ဦးအား သွေးအတွင်း အချိုဓာတ်ပမာဏကို တိုင်းပေးစဉ်။



ဦးဖုန်းကျော်မြင့်



ဒါရိုက်တာ ဦးမောင်မောင်မြင့်



ဒုတိယရဲမှူး ကျော်ဆန်းဦး



ဒေါ်ဆွေဇင်ထိုက်



ဒေါ်မြင့်မြင့်စိုး

✻ ကျောဖုံးမှ

ရုပ်ရှင်ရိုက်ကူးရေးနေရာသို့ လာရောက်လေ့လာသည့် ဝါရင့်သရုပ်ဆောင်၊ ဒါရိုက်တာ ဦးမောင်မောင်မြင့်(သုခုမ)က "ရှောဘရားသားဆိုတာ အင်္ဂလိပ်လက်ထက်ကတည်းက ဘားလမ်းထောင့်က အခန်းကျဉ်းကျဉ်းလေးမှာ အလုပ်လုပ်ခဲ့တဲ့ ရုပ်ရှင်ကုမ္ပဏီပါ။ ပြောရရင် သူတို့လည်း မြန်မာပြည်ကို အလွမ်းပြေလာတာပါ၊ သူတို့ကိုမြင်တော့ ကျွန်တော်လည်း ဟိုအရင် ရုပ်ရှင်ခေတ်ကို လွမ်းမိတယ်။ စက်ကိရိယာတွေ ခေတ်မမီပေမယ့် ဇာတ်ကားကောင်းတွေ ရိုက်နိုင်ခဲ့တယ်။ အခုလည်း လုပ်နိုင်တဲ့ ပညာရှင်တွေရှိပါတယ်။

"သူတို့ ဒီလို ရုပ်ရှင်လာရိုက်တာ ကျွန်တော်တို့ တိုင်းပြည်အတွက်ရော ပြည်သူတွေအတွက်ပါ အကျိုးရှိတယ်။ ဥပမာပြောရရင် သူတို့ဝင်လာတယ်ဆိုတာနဲ့ အကောက်ခွန်ဝင်ငွေ၊ တည်းခိုခတွေ ဒါတွေရမယ်။ နောက်တစ်ခုက လုပ်ငန်းကြိုးစားမှုအရ၊ စိတ်ဓာတ်အရ သူတို့ရဲ့ လုပ်ငန်းအပေါ် သူတို့ စိတ်ဝင်စားမှု ဘယ်လောက်ရှိတယ်ဆိုတာ ကြည့်တာနဲ့သိနိုင်တယ်၊ အစမ်းလေ့ကျင့်တာတောင် တကယ်ရိုက်နေတဲ့အတိုင်း အပင်ပန်းခံတယ်၊ ငွေကုန်ကြေးကျအများကြီးခံတယ်။ ဒါရိုက်တာကအစ သူ့တာဝန်နဲ့သူ ကြိုးစားပမ်းစား အလုပ်လုပ်ကျတယ်။ အတုယူဖို့ ကောင်းပါတယ်" ဟု ပြောသည်။

ယနေ့ အစမ်းလေ့ကျင့် ရိုက်ကူးနေစဉ်အတွင်း အနော်ရထာလမ်းမှ City Star ဟိုတယ်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ခေတ္တပိတ်ထားပြီး ယာဉ်များ လမ်းလွှဲမှ သွားလာနိုင်ရန်အတွက် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသည်။

မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ ကျောက်တံတားမြို့နယ် တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ဆန်းဦးက "City Star Hotel ထိပ်ကနေပြီးတော့မှ မဟာဗန္ဓုလပန်းခြံလမ်းကနေ ဝင်လာတဲ့ကားတွေကို လမ်းလွှဲပေးနေပါတယ်။ ယာဉ်ထိန်းရဲ အဖွဲ့ ရှစ်ဦးနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ လမ်းပိတ်တယ်ဆိုတာ ကားတွေသွားလို့မရအောင် ပိတ်ထားတာ မဟုတ်ပါဘူး၊ လမ်းကသွားလို့ရပါတယ်။ မဟာဗန္ဓုလလမ်းကတော့ ခေတ္တပိတ်ထားတဲ့သဘောပါ။ အချိန်ပိုင်းပါပဲ။ လမ်းလွှဲပြီး ဆောင်ရွက်ပေးနေပါတယ်။ ရိုက်ကူးရေးနေရာတော့ ကားဖြတ်လို့မရပါဘူး" ဟု ပြောသည်။

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါ်ဆွေဇင်ထိုက်က "Line Walker က အရင်တုန်းက ဘာရာဇီးမှာ ရိုက်ဖူးပါတယ်။ ဘာရာဇီးမှာလည်း ဒီလိုပဲ လမ်းပိတ်ပေးရပါတယ်။ နိုင်ငံတကာမှာဆို အမေရိကန်နိုင်ငံမှာပဲဖြစ်ဖြစ် လန်ဒန်မှာပဲဖြစ်ဖြစ် ပဲရစ်မှာပဲဖြစ်ဖြစ် သူတို့ရဲ့ရိုက်ကွင်းရိုက်ကွက်များကို ကမ္ဘာ့ဈေးကွက်ထဲ ပါသွားမယ်ဆိုရင် ဒီလိုလမ်းပိတ်ပေးပြီး ရိုက်တာရှိပါတယ်။ လမ်းပိတ်တဲ့ အခါမှာလည်း အကုန်လုံးသွားလို့မရအောင် ပိတ်လိုက်တာမဟုတ်ပါဘူး။ လမ်းပိတ်ခြင်းဆိုတာရဲ့ နောက်မှာ လမ်းလွှဲရှိတယ်ဆိုတာ သိဖို့လိုပါတယ်"ဟု ပြောသည်။

ယနေ့ ရုပ်ရှင်ရိုက်ကူးရေး အစမ်းလေ့ကျင့်နေမှုနှင့် စပ်လျဉ်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်အဆင့်မြှင့်တင်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်လင်းအောင်က "ဒီနေ့ မဟာဗန္ဓုလပန်းခြံလမ်းမှာ မင်းသားအက်ရှင်ဇာတ်ဝင်ခန်းအချို့ အစမ်းလေ့ကျင့်တာပါ။ ကရိန်းကားနှစ်စီးနဲ့ ဌားပြီးတော့ အပေါ်ကနေ ခုန်ဆင်းတဲ့ အက်ရှင် ဇာတ်ဝင်ခန်းကိုရိုက်ဖို့ပါ။ နောက်ထပ် ဇာတ်ဝင်ခန်းတွေ ရိုက်ဖို့ YMCA မှာကြိုတင်ပြင်ဆင်မှုတွေလည်း လုပ်နေပါတယ်။ တကယ့်ရုပ်ရှင်က ၂၁ ရက်နေ့မှ ရိုက်မှာပါ" ဟု ပြောသည်။



ရန်ကုန်မြို့တွင် ရိုက်ကူးမည့် Line Walker-2 ဇာတ်ကားကို ဟောင်ကောင်နှင့် နိုင်ငံတကာ ရုပ်ရှင်ဇာတ်လမ်းများ ရိုက်ကူးလေ့ရှိသည့်ပုံစံအတိုင်း သေနတ်အစစ်များ၊ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ ဖောက်ခွဲခြင်းတို့၊ ကားများအချင်းချင်း ပွတ်တိုက်ခြင်း၊ ရဟတ်ယာဉ်များသုံးစွဲပြီး ပစ်ခတ်ခြင်း၊ ရဲကားများ၊ အထူးရဲတပ်ဖွဲ့ဝင်ကားများ အသုံးပြုပြီး နိုင်ငံတကာအဆင့်မီ အက်ရှင်ဇာတ်ကားကောင်းတစ်ကားအဖြစ် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ရိုက်ကွင်းသို့ လာရောက်ကြည့်ရှုသည့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုးက "ကိုယ့်နိုင်ငံမှာ ဒါမျိုးလာရိုက်တယ်ဆိုတာ အများကြီးဂုဏ်ယူဖို့ကောင်းပါတယ်။ ကမ္ဘာမှာ ထိုးဖောက်ဖို့ တော်တော်ခက်ခဲနေတဲ့အချိန်၊ မဖြစ်နိုင်သေးတဲ့ အခြေအနေမှာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေရဲ့ နေရာဒေသကို ပါအောင်ရိုက်သွားတယ်ဆိုတာ ကျွန်မတို့အနေနဲ့ ကျေနပ်ရမှာပါ" ဟု ပြောသည်။

ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်း အစမ်းလေ့ကျင့်မှုကို ယနေ့ နံနက် ၁၀ နာရီမှ ညနေ ၃နာရီခွဲထိ ပြုလုပ်ခဲ့ရာ အဆိုပါရုပ်ရှင်ဇာတ်ဝင်ခန်း အစမ်းလေ့ကျင့်ရာနေရာသို့ ရုပ်ရှင်ချစ် ပရိသတ်များ၊ စိတ်ဝင်စားသူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်း-သီသီမင်း၊ မင်းသစ်**
**ဓာတ်ပုံ-နေလင်း**



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းနှင့် အနော်ရထာလမ်းကြားရှိ City Star ဟိုတယ်အနီး၌ Line Walker-2 ဇာတ်ကားရိုက်ကူးရန် အစမ်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအတွက် အားပေးထောက်ပံ့




**မုံရွာ ဖေဖော်ဝါရီ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရောင်ခြည်သစ်ပရဟိတ မျက်မမြင်ပညာသင်ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ချုပ်သူ၊ အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များ၊ အခြေခံပညာ၊ ဂီတပညာ၊ အနှိပ်အကြောပြင် ကျောင်းသားများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ထို့နောက် ကျောင်းသားများ၏ ကွန်ပျူတာသင်ကြားတတ်မြောက်မှု၊ အနှိပ်အကြောပြင် ပြသမှု၊ မျက်မမြင်လက်စမ်းစာ အရေး/အဖတ် တတ်မြောက်မှု၊ ဂီတ ပညာသင်ကျောင်းသားများ၏ အဆို၊ အတီးများဖြင့် တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များထံသို့ ထောက်ပံ့ငွေများအား ပေးအပ်ခဲ့သည်။

**အမှာစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့မြသလ္လာခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအား ထောက်ပံ့မှုများ လာရောက်ပေးအပ်ခြင်းများအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၁၆၉၀ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၅၀၇၀၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (၈၈)ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၅၉၆၀၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ အမျိုးသမီးဂေဟာ၊ ဘိုးဘွားရိပ်သာနှင့် ပရဟိတဂေဟာ ၂၀ တို့အတွက် ထောက်ပံ့ငွေကျပ် ၁၁၉၃၆၄၀၀၀ နှင့် မိခင်ဝိုင်းငါးဝိုင်း ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၃၅၂၈၁၀၀ တို့ကို အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ ထို့နောက် ကလေးများအား ကစားစရာအရုပ်နှင့်အာဟာရပဲနို့များ ပေးဝေခဲ့ကြပြီး အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ယင်းနောက် လှူတော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**အတူညှိနှိုင်းဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ မူလတန်းကြိုကျောင်း၌ တိုင်းလူငယ်ရေးရာကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လူငယ်မူဝါဒရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး မဟာဗျူဟာတစ်ရပ် ပေါ်ပေါက်လာရေး ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ ကြုံတွေ့ရသော အခက်အခဲများကိုပူးပေါင်းအဖြေရှာရန် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် အတူ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လူငယ်စင်တာအဖြစ် အသုံးပြုရန် တိုင်းဒေသကြီးအစိုးရက လျာထားသော နေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့မှ စစ်ကိုင်းမြို့သို့ ရောက်ရှိကြပြီး စစ်ကိုင်းမြို့ ရွာထောင်ရပ်ရှိ ရွာထောင်ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ဂါဝရပြုနှုတ်ဆက်ခဲ့ကြပြီး ဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေများကိုပေးအပ်ခဲ့ရာ ဘိုးဘွားများက ပြန်လည်ဆုတောင်းမေတ္တာ ပို့သခဲ့ကြသည်။

ယနေ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများ၊ မိခင်ဝိုင်းများ၊ ပရဟိတ အဖွဲ့အစည်းများနှင့် ဘိုးဘွားရိပ်သာတို့အတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၅၃၃၁၉၂၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်စာအုပ်လမ်း၌ စာပေဟောပြောပွဲ ထည့်သွင်းကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကိုနံနက်ပိုင်းက စတင်ကာ ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့တွင် စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဟောပြောပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ စာပေချစ်မြတ်နိုးသူများ၊ စာအုပ်လာရောက်ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွန့်က "ဒီနှစ်မှာတော့ စာအုပ်ရောင်းတဲ့ဆိုင်ခန်း ၇၀ ခန့်ရှိပါပြီ။ ရောင်းအားကတော့ ပုံမှန်ပါပဲ။ အရင်နှစ်ကလည်း ပုံမှန်ရောင်းနေရတာပါပဲ။ တစ်ပတ်နဲ့တစ်ပတ်မှာ တစ်ဆိုင်နဲ့တစ်ဆိုင် ရောင်းအားမတူနိုင်ပါဘူး။ ဒီတစ်ပတ်လာတဲ့ ပရိသတ်နဲ့ နောက်တစ်ပတ်လာတဲ့ ပရိသတ်မတူဘူး။ ဒီတစ်ပတ်လာတဲ့သူက ဘာသာရေး စိတ်ဝင်စားတဲ့သူ များသွားရင် ဘာသာရေးနဲ့ဆိုင်တဲ့ စာအုပ်လေးတွေ ရောင်းရတယ်။ ဘယ်စာအုပ်တွေက အတော်ရောင်းရတယ်ဆိုတာ ခန့်မှန်းလို့မရပါဘူး"ဟု ပြောသည်။



ဆက်လက်၍ ၎င်းက "ပုံမှန် စနေ-တနင်္ဂနွေနှစ်ရက်မှာ စာရေးဆရာတစ်ယောက်စီရဲ့ ဟောပြောပွဲတွေရှိပါတယ်။ ကဗျာရွတ်ပွဲတွေ ရှိပါတယ်။ မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိ အစီအစဉ်တွေရှိပါတယ်။ မေးခွန်းတွေမေးတယ်။ မေးခွန်းတစ်ခုဖြေနိုင်ရင် စာအုပ်တစ်အုပ် လက်ဆောင်ပေးတဲ့အစီအစဉ်တွေ ပါပါတယ်။ စာအုပ်တိုက်ကြီးတွေက ၅၀ ရာခိုင်နှုန်း Discount ရောင်းတာရှိတယ်။ တစ်ဦးကို တစ်အုပ်နှုန်းယူနိုင်တဲ့ စာအုပ် စတုဒိသာ တဲလေးရှိပါတယ်" ဟု ပြောသည်။

**သုံးနှစ်မြောက်ရှိပြီ**

ယနေ့ စနေ-တနင်္ဂနွေစာအုပ်လမ်း၌ စာအုပ်များရောင်းချခြင်းအပြင် ဆရာငြိမ်းမင်း၏ "စာ၏ ကျေးကျွန် မဖြစ်ပါစေနှင့်၊ စာ၏ အရှင်သခင်ဖြစ်ပါစေ" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲအစီအစဉ်၊ မော်ဒယ်သရုပ်ဆောင် ပန်းသော်တာ ပါဝင်ကူညီပြီး စာပေလောက စာအုပ်တိုက်မှ ထုတ်ဝေထားသော စာအုပ်များကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိ အစီအစဉ်နှင့် စာအုပ်စတုဒိသာ အုပ်ရေ ၁၀၀၀ ပေးဝေသည့် အစီအစဉ်များ ထည့်သွင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ သုတရသ အဟောင်း/အသစ်၊ လုံးချင်းဝတ္ထုတို/ဝတ္ထုရှည် စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာအုပ်များ၊ ဆေးပညာဆိုင်ရာစာအုပ်များ၊ အင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဇာတ်စာအုပ်မျိုးစုံ၊ ကလေးငယ်များ ဘာသာရေးကိုင်းရှိုင်းစေရန်အတွက် ဗုဒ္ဓဝင်ကာတွန်းစာအုပ်များ ခင်းကျင်းရောင်းချလျက်ရှိသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် ၂၀၁၇ ခုနှစ်မှစတင်ကာ မိုးရာသီအကုန် ပွင့်လင်းရာသီ စနေ-တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ယခုနှစ်ဆိုလျှင် သုံးနှစ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)၊ ဓာတ်ပုံ - ရဲထွဋ်**

❋ မြန်မာ ယူ-၂၂ မှ

လုပ်ဆောင်ထားပါတယ်။ ဒီပြိုင်ပွဲက လာမယ့် မတ်လမှာ ကစားမယ့် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် အကြိုပြင်ဆင်မှုလည်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှား ယူ-၂၂ အသင်းနည်းပြချုပ် အင်ဒရာက "ဒီပြိုင်ပွဲက ခက်ခဲမှာပါ။ အသင်းတိုင်းက အသင်းကောင်းတွေဖြစ်နေပြီး ကျွန်တော်တို့ကတော့ ပွဲတိုင်းမှာ ရလဒ်ကောင်းဖို့ ကြိုးစားမှာပါ။ မြန်မာအသင်းနဲ့ ကစားရမယ့် အဖွင့်ပွဲက အရေးကြီးပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ပွဲတိုင်းမှာ အရေးပါနေပြီး ရလဒ်ကောင်း ရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းအနေဖြင့် နည်းပြသစ် ပိုပေ့ဗ်နှင့် ပြင်ဆင်ချိန် နှစ်ပတ်နီးပါးသာရရှိထားသောကြောင့် ကစားသမားများနှင့် ကစားကွက် အံဝင်မှုရှိ မရှိက အရေးပါနေသည်။ မြန်မာအသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားထားခြင်းမရှိဘဲ ပြည်တွင်းခြေစမ်းပွဲ တစ်ပွဲသာ ယှဉ်ပြိုင်ကစားထားကာ ရောဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ **ရှိုင်းထက်ဇော်**

# ဂင်္ဂါဆင်မင်း အားမာန်တင်း ကြုံးဝါးခြင်းသို့ရောက်

## ကိုရင်ဩ

ယခုရက်ပိုင်းအတွင်း ကျွန်ုပ်၏ သတင်းကွန်ချာအတွင်းသို့ ရုတ်ခြည်းတစ်သွန်တည်း ကျလာသော သတင်းများကိုပိုင်းခြားစိတ်ဖြာကြည့်မိသောအခါ ကျွန်ုပ်တို့၏ အိမ်နီးချင်းအိန္ဒိယနိုင်ငံကြီး၏ စီးပွားရေးတည်ဆောက်မှု ပုံရိပ်လွှာများကို ထူးထူးခြားခြား ဦးဦးဖျားဖျား သတိမူပါသဖြင့် မုဒိတာပွားဖွယ်ရာဖြစ်သော "သတင်းကောင်းများ"ကို တင်ဆက်ရန် သတင်းပုံအကြား ကျွန်ုပ် တူးဆွလေ့လာမိလေ၏။

ဦးစွာပထမ ကျွန်ုပ်အတွက် "သုမင်္ဂလ" ဖြစ်ရသော သတင်းတစ်ပုဒ်သည်ကား အိန္ဒိယနိုင်ငံ၌ ဘဏ္ဍာရေးအချက်အချာ မြို့သစ်ကြီးတစ်မြို့ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပေါ်ထွန်းလာတော့မည်ဆိုသော သတင်းဖြစ်ချေ၏။ ထုတိဩဘာမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောသတင်းလည်းဖြစ်၏။ စီးပွားရေးတည်ဆောက်လက်စ ကမ္ဘာ့နိုင်ငံများအားလုံးအတွက်လည်းထူးခြားမှု ဝိသေသလက္ခဏာကို ပြသနိုင်၏။

အိန္ဒိယနိုင်ငံ၏ "အနောက်ဂေါ်ယာကျွန်း"သဖွယ် တည်ရှိနေသော၊ ကီလိုမီတာ ၁၆၀၀ (ဝါ) မိုင် ၉၉၀ တမျှ ပင်လယ်ကမ်းရိုးတန်းအရှည်အလျားရှိသော "ဂူဂျာရတ်" ပြည်နယ်၌ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးဝန်ဆောင်မှု (ဝါ) ငွေကြေးအရင်းအမြစ် စီမံခန့်ခွဲမှု အချက်အချာပြု မြို့တစ်မြို့ကိုအိန္ဒိယအစိုးရကစတင် ထူထောင်လိုက်လေပြီ။

စင်ကာပူ၊ ဟောင်ကောင် အစရှိသည့် နိုင်ငံတကာ ဘဏ္ဍာရေးအချက်အချာမြို့ကြီးများကို အန်တုဖက်ပြိုင်မည့် ယင်းမြို့သည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော "အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးဗဟိုချက်" အဖြစ် မားမားမတ်မတ် ရပ်တည်ရန် ကြိုးပမ်းလျက်ရှိနေပုံကို ကျွန်ုပ် အဝေးမှ အကဲခတ်မိ၏။

ချပ်ချပ်ရပ်ရပ် သပ်သပ်ရပ်ရပ် ကမ္ဘာ့အလယ် တင့်တယ် ဝင့်ထည်လာရန် တာစူနေသောထိုမြို့သည်ကား ဂူဂျာရတ် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး-နည်းပညာ မြို့ကြီး (ဝါ) Gujarat International Finance-Tec City ဟူ၍ ကမ္ဘာသို့ ကြေညာထား၏။ အသစ်ကျပ်ချွတ် ပေါ်ထွန်းလာမည့် မြို့ကြီးကို GIFT City ဟုတိုတိုတုတ်တုတ် ဝိုင်းကြီးချုပ် ခေါ်သော်ရ၏။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒွန်တွဲလျက် ထွေလီကာလီ မြို့သစ်များတိုးပွားလာချိန်တွင် အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအတွက် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီအစိုးရအဖွဲ့၏ "လက်ဆောင်မွန်" (ဝါ) GIFT အဖြစ် ယင်းမြို့သစ်ကြီး ပေါ်ထွန်းလာသည်ဟု နှိုင်းဖွဲ့ သီကုံးပြောဆိုလျက်ရှိကြလေသည်။

ပေါ်ဦးပေါ်ဖျား "အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးမြို့ကြီး"သည်ကား စင်ကာပူနှင့် ဟောင်ကောင်တို့ကိုဒေသဆိုင်ရာဘဏ္ဍာရေးဈေးကွက်တွင် တုဖက်ပြိုင်လုပ်ကိုင်ရန် လျှပ်လျှပ်ဖျတ်ဖျတ် နိုးနိုးထထရှိနေချေပြီ။

GIFT မြို့သည် အိန္ဒိယနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ (ဝါ) ကမ္ဘာနှင့်ချီသော (ဝါ) နိုင်ငံတကာမှ ဘဏ္ဍာရေး ဟဲဗီးဝိတ်များဖြစ်သော ဘဏ္ဍာရေး နည်းပညာ ကုမ္ပဏီကြီးများလာရောက် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်လာမည့် မြို့တစ်မြို့ဟု ညွှန်းဆိုနိုင်သကဲ့သို့ နည်းပညာဖြင့် လူနေမှုဘဝ မြင့်မားရေးကိုဦးတည်သော "စမတ်မြို့ကြီး" (ဝါ) SMART City ဟုလည်း ညွှန်းဆို နိုင်လေသည်။



**GIFT မြို့သည် အိန္ဒိယနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ (ဝါ) ကမ္ဘာနှင့်ချီသော (ဝါ) နိုင်ငံတကာမှ ဘဏ္ဍာရေး ဟဲဗီးဝိတ်များဖြစ်သော ဘဏ္ဍာရေး နည်းပညာ ကုမ္ပဏီကြီးများလာရောက် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်လာမည့် မြို့တစ်မြို့ဟု ညွှန်းဆိုနိုင်သကဲ့သို့ နည်းပညာဖြင့် လူနေမှုဘဝ မြင့်မားရေးကို ဦးတည်သော "စမတ်မြို့ကြီး" (ဝါ) SMART City ဟုလည်း ညွှန်းဆိုနိုင်လေသည်။**

အိန္ဒိယနိုင်ငံ၌ ရာနှင့်ချီအရေအတွက်ရှိစမတ်မြို့ကြီးများပေါ်ထွန်းလာစေအံ့ ဟူ၍ ကြုံးဝါးထားသော ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့ကပထမဆုံးသော စမတ်မြို့ကြီးတစ်မြို့ကိုထူထောင်ပေးလိုက်ခြင်းအဖြစ် ကျွန်ုပ် လေ့လာသိရှိရသော် စီးပွားရေးအရပုံဖော်ထုဆစ်မှုလက်ရာသစ်ပါတကားဟူ၍ လှိုက်လှဲပျူငှာစွာ ကျွန်ုပ် ထောမနာပြုလို၏။

စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ သယ်ယူပို့ဆောင်ရေးစနစ်များ၊ ဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ တရားဥပဒေစိုးမိုးရေးဌာနများ၊ ရပ်ရွာအခြေပြုဝန်ဆောင်မှုဌာနများကဲ့သို့သော မြို့ပြဆိုင်ရာဌာနန္တရများ၊ အဆောက်အအုံများအား စီမံခန့်ခွဲရာတွင် နည်းပညာအသုံးပြုဆောင်ရွက်သော မြို့ကြီးကို "စမတ်စီးတီး"ဟူ၍ ခေါ်ဝေါ်ကြသည်။ ခေတ်ဟောင်း၊ ခေတ်ဆွေး၏ ဥပဓိရုပ်ကို ပြည်ဖုံးကားချလျက် ခေတ်သစ်၊ ခေတ်ဦး၏ မြို့ပြတည်ဆောက်မှု အနှစ်သာရကိုလှစ်ဟနေသော မြို့များသည် "နည်းပညာ" မြင့်မားမှုဖြင့် ပြည်သူတို့၏ဘဝကို တိုးတက်စေအံ့ဟူသောအယူအဆကို အကောင်အထည်ဖော်ခြင်းအဖြစ် ကျွန်ုပ်အလေးမူမိလေသည်။

ပြည်သူ့ရေးရာ မြို့ပြဝန်ဆောင်မှုလုပ်ငန်းများတွင် နည်းပညာကိုအသုံးပြုခြင်းဖြင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများ အဆင့်အတန်းမြင့်မားလာပြီး ပြည်သူတို့မှာ ပန်းဝတ်ရည်ကို ပျားပိတုန်းတို့ စားသုံးရသည့်ပုံပမာ အေးချမ်းလန်းဖြာရှိလာပေလိမ့်မည်။

ရှေးအတိတ်ကာလ ရှင်ဘုရင်များက သိုက်တဘောင် ဗေဒင်ကိန်းခန်းများနှင့်အညီ မြို့တည်ခြင်း၊ နန်းတည်ခြင်းတို့ ပြုလုပ်ခဲ့ကြပြီးလျှင် "အထဗ္ဗဏမဟာယတြာနည်း" အစရှိသောအစီအရင်များပြုကာ မြို့တည်ခဲ့ကြ၏။ ၂၁ ရာစုခေတ်သစ်တွင်မူကား နည်းပညာအစီအမံများပြုကာ မြို့တည်လာကြပုံကို ကျွန်ုပ်နှိုင်းယှဉ်ရှုမြင်မိ၏။

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍကြီးသွက်သွက်လက်လက် တိုးတက်နေပုံကိုဖော်ကျူးလျက် ဘဏ္ဍာရေးမြို့သစ်ကြီးတွင် အလုပ်အကိုင်နေရာပေါင်း ၁၁ သန်းအထိ ဖောဖောသီသီဖန်တီးပေးနိုင်မည်ဟု ကျွန်ုပ်လေ့လာမိသော် ထုကြီးထည်ကြီး ဖြက်ကြီးလှသည့် ဘဏ္ဍာရေးမြို့သစ်ကြီးကို တစ်ထီးတစ်နန်းတွေ့မြင်လာရမည်ဟု ကျွန်ုပ် တင်ကူးနိမိတ်ပုံဖော်မိလေသည်။

အဆင့်မြင့် အခြေခံအဆောက်အအုံနှင့် အထောက်အကူပြု ဌာနန္တရများအား ယင်းမြို့ကြီးကရေခံမြေခံအဖြစ် ထောက်ပံ့ပေးခြင်းဖြင့် ကမ္ဘာနှင့်ချီလုပ်ရှားနေသောဘဏ္ဍာရေးကုမ္ပဏီကြီးများကို ဆွဲဆောင်လာနိုင်မည်ဟု မျှော်လင့်ရလေသည်။

၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဝါ) ဂျီဒီပီတွင် ဒေါ်လာ ၄၀၀ ဘီလီယံအထိ ပါဝင်စေမည့် ရည်မှန်းချက်နှင့်အညီ ဘဏ္ဍာရေးမြို့သစ်ကြီးကိုထူထောင်ရပါမည်ဟု ဝန်ကြီးချုပ် မိုဒီ၏ အစိုးရအဖွဲ့ကဆိုသည်။

ဒေသဆိုင်ရာ ဘဏ္ဍာရေးဝန်ဆောင်မှု ဈေးကွက်တွင် ဒေါက်ဒေါက်ကြဲ ပါဝင်နွှဲမည့် မြို့သစ်ကြီးသည် အိန္ဒိယနိုင်ငံအနောက်ပိုင်းရှိ အာမက်ဒါဘတ်မြို့ကြီးနှင့် ဂန္ဓီနာဂါး မြို့ကြီး နှစ်မြို့အကြားအလယ်ဗဟိုတွင် တည်ရှိနေပြီးလျှင် ကမ္ဘာ့ နောက်ဆုံးပေါ် ဘဏ္ဍာရေးဝန်ဆောင်မှု မြို့သစ်ကြီးအဖြစ် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်သွားလိမ့်မည်။

မတည်ငွေရင်းဈေးကွက်များ၊ ကုန်သွယ်မှုနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ဆောင်မှုဈေးကွက်များ၏ ကွန်ရက်ပြု ချိတ်ဆက်မှုကို အိန္ဒိယနိုင်ငံတွင် စီးပွားရေးသွက်သွက်လက်လက် တိုးတက်လာမှုနှင့်အတူဒွန်တွဲလျက် တွေ့မြင်ရလိမ့်မည်ဟု စီးပွားရေး စီမံကိန်းရေးဆွဲရေးမှူးများက ဆိုကြသည်။

ထိုစဉ်အတွင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (ဝါ) IMF ၏ ခန့်မှန်းချက်မှာအားရစရာကောင်းဖြစ်၏။ အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ် မတ်လတွင် ကုန်ဆုံးမည့် လက်ရှိဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းကျော် ရှိလိမ့်မည်ဟုယင်းအဖွဲ့အစည်းကြီးက ဟောကိန်းထုတ်ထားလေသည်။

ဤတွင် အရေးကြီးလှသည်မှာဘဏ္ဍာရေးမြို့သစ်ကြီးထူထောင်ရန် ရည်မှန်းချက်များပေါက်မြောက်အောင်မြင်လာအောင် ကြိုးပမ်းနိုင်ဖို့ လိုအပ်လိမ့်မည်။ ကမ္ဘာတစ်ဝန်းတွင် ရည်မှန်းချက်ကြီးကြီးဖြင့် ဖော်ဆောင်ခဲ့သည့်တိုင် မဟာဗျူဟာစီမံကိန်းကြီးများအဖျားရှုးသွားခဲ့ရသော ဖြစ်စဉ်များကိုလည်း ကျွန်ုပ်တို့ သတိမူသင့်လေသည်။

ဤတွင် ဥဒါဟရဏ် အချို့ကိုထုတ်ဆောင်လို၏။ စပိန်နိုင်ငံ၌ ကျူဒက်ရီးယဲလ် လေဆိပ်သည် ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် လေးနှစ်အကြာမှာပင် ပြန်လည် ပိတ်သိမ်းခဲ့ရသည့်သာဓက၊ တရုတ်နိုင်ငံ၌ အပြိုင်းအရိုင်းဖြင့် ပေါ်ထွက်လာသောအိမ်ရာခြံမြေစီမံကိန်းကြီးများအောင်မြင်မှုမရဘဲ မိုးမျှော်တိုက် အဆောက်အအုံသစ်များတိုက်ခန်းအရေအတွက်အရ ထောင်ချီ၊ သောင်းချီ၊ သိန်းချီ၊ သန်းချီပေါ်ထွက်ခဲ့ပြီးခါမှ ငှားမည့်သူမရှိ၊ နေမည့်သူမရှိ၊ ဝယ်မည့်သူမရှိ ဖြစ်ရကာ "သရဲခြောက်နေသော မြို့ကြီးများ"(ဝါ) Ghost Cities အဖြစ်သို့ ရောက်ရှိရသည့် သာဓကတို့ ဖြစ်၏။

မည်သို့ပင်ဆိုစေ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီအတွက် သူ့ကိုယ်သူယုံကြည်မှု အံ့မခန်း မြင့်မားနေသည့် အချိန်ကာလကို ဖြတ်သန်းလျက်ရှိခြင်းမှာ သတင်းစာမျက်နှာများပေါ်တွင် ထင်ကျန်နေသောထူးခြားချက်တစ်ချက်ဖြစ်၏။

အကျွန်ုပ်၏ နိုင်ငံတော်ကြီးသည် လျင်မြန်သောနှုန်းဖြင့် တိုးတက်နေပြီးလျှင် ထုကြီးထည်ကြီး စီးပွားရေးဘဝကို တည်ဆောက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် နောင် ၁၂ နှစ်အကြာ (၂၀၃၀ ပြည့်နှစ်)ထက် နောက်မကျဘဲ ကမ္ဘာပေါ်တွင် ဒုတိယအင်အားအကြီးဆုံးစီးပွားရေးတည်ရာနိုင်ငံအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း ဝန်ကြီးချုပ် မိုဒီက ဖေဖော်ဝါရီ ၁၁ ရက်တွင် ဗျိုးဟစ်ခဲ့လေသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ အပီအပြင် အထင်အရှားဟောကိန်းထုတ်မှုများနှင့်အညီ နိုင်ငံ့စီးပွားရေးတစ်ဟုန်ထိုးတိုးတက်မှုကို ကမ္ဘာသို့ ပြသရန် စိတ်ရည်သန်လျက်ရှိနေသော ဝန်ကြီးချုပ် မိုဒီကကမ္ဘာပေါ်တွင် ဒုတိယမြို့စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံအဖြစ်သို့ အမြန်ဆုံးရောက်ရှိစေရမည်ဆိုသော စီးပွားရေးရည်မှန်းချက်သည် "ဂင်္ဂါဆင်မင်း"နိုးထခြင်းသို့ ရောက်ရှိလာပုံကိုဖော်ကျူးနေဘိအလား အားရဖွယ်ကောင်း၊ အားကျဖွယ်ကောင်းလှသည်ဟုတွေးတောမိရင်း "ဂင်္ဂါဆင်မင်းအားမာန်တင်း ကြုံးဝါးခြင်းသို့ရောက်"ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

## အိန္ဒိယနိုင်ငံတွင် အလယ်အလတ်မြန်နှုန်းမြင့်ရထား ပထမဆုံးအကြိမ်ပြေးဆွဲ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၇**

အိန္ဒိယနိုင်ငံ၏ ပထမဆုံး အလယ်အလတ်မြန်နှုန်းမြင့် ရထားပြေးဆွဲမှုကို အိန္ဒိယပြည်သူများ သွားလာရေးအဆင်ပြေစေရေးအတွက် ယမန်နေ့ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ် အရ သိရသည်။

အဆိုပါ မြန်နှုန်းမြင့်ရထားသည် နိုင်ငံအတွင်း လက်ရှိပြေးဆွဲလျက်ရှိသော ရထားများအနက် အရှိန်အမြန်ဆုံးဖြစ်ပြီး တစ်နာရီ ကီလိုမီတာ ၁၆၀ ခန့် ခရီးနှင်နိုင်ကြောင်း သိရသည်။ အဆိုပါရထားသည် မြို့တော်နယူးဒေလီနှင့် ဗာရာဏသီမြို့အကြား ပြေးဆွဲလျက်ရှိပြီး ကီလိုမီတာ ၇၅၀ ရှည်လျားသည့် ခရီးစဉ်ကို ငါးနာရီခန့်သာ ကြာမြင့်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခု အလယ်အလတ် မြန်နှုန်းမြင့်ရထားသည် အိန္ဒိယနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်တစ်ခု ဖြစ်ကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများအတွက် ၎င်းအစိုးရအဖွဲ့အနေဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံအနေဖြင့် ဂျပန်ရှင်ကန်ဆန် ကျည်ဆန်ရထားနည်းပညာအသုံးပြုပြီး မြန်နှုန်းမြင့်ရထားစီမံကိန်းများ လာမည့်နှစ်အနည်းငယ်တွင် အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းဆောင် မီးလောင်မှုဖြစ်ပွား

**ညောင်ဦး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် မင်းနန်သူကျေးရွာရှိ လေးမျက်နှာဘုန်းတော်ကြီးကျောင်းတွင် ဖေဖော်ဝါရီ ၁၇ ရက် မွန်းတည့် ၁၂ နာရီခွဲက လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ပုဂံနယ်မြေရဲစခန်းမှ သိရသည်။

**ဝိုင်းဝန်းငြိမ်းသတ်**

ဖြစ်စဉ်မှာ ညောင်ဦးမြို့နယ် ပုဂံမြို့သစ် မင်းနန်သူကျေးရွာ မြောက်ဘက်ရှိ ဆရာတော် ဦးနန္ဒိယ သီတင်းသုံးနေထိုင်သည့် လေးမျက်နှာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဥပုသ်သည်များ နားနေရန်အတွက် ဆောက်လုပ်ထားရှိသော အလျားပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ ထန်းရွက်မိုးနားနေဆောင်ရှိ လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းကာ အနီးရှိဆရာတော်သီတင်းသုံးနေထိုင်သည့် အလျားပေ ၆၀၊ အနံ ပေ ၅၀၊ အမြင့် ၂၅ ပေရှိ အုတ်ခံပျဉ်ထောင် သွပ်မိုးနှစ်ထပ်ဘုန်းကြီးကျောင်းဆောင်နှင့် မြောက်ဘက်ပေ ၅၀ အကွာရှိ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ ထန်းရွက်မိုး မြေစိုက်တဲတစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။



မီးလောင်ရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြရာ မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လေးမျက်နှာဘုန်းတော်ကြီးကျောင်းဝင်းရှိ အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိ ထန်းရွက်မိုးနားနေဆောင်တစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၅၀၊ အမြင့် ၂၅ ပေရှိ အုတ်ခံပျဉ်ထောင်သွပ်မိုးနှစ်ထပ်ဘုန်းကြီးကျောင်းဆောင်တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ ထန်းရွက်မိုး မြေစိုက်တဲတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ထန်းတပင်၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**ထန်းတပင် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ရေကျော်ကျေးရွာအုပ်စု အတွင်းရေကျော်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၂ နာရီတွင် နေအိမ်မီးဖိုရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိထင်းခြောက်များကို မီးကူးစက်လောင်ကျွမ်းရာ နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ထန်းတပင်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာသို့ ထန်းတပင်မြို့နယ် မီးသတ်စခန်းမှ စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးမိုးမင်းအောင် ဦးဆောင်ကာ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုမှာ ဒေါ်ခင်ဝင်း၏ နေအိမ်အတွင်း မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ထင်းခြောက်များကို ကူးစက်လောင်ကျွမ်းရာမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီး စုစုပေါင်း နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# မော်လူးဒီပင်္ကရာဘုရားပွဲတွင် လေပွေငယ်များ တိုက်ခတ် ဘုရားဖူးလာသူများ မိုးလေလွတ်ရာရှောင်တိမ်းခဲ့ရ

**မော်လူး ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတိုက်နယ် ဒီပင်္ကရာမဟာစေတီပွဲတော်တွင် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၃၈ မိနစ်က ရုတ်တရက် လေပွေမုန်တိုင်းငယ်များတိုက်ခတ်မှုကြောင့် ပွဲတော်လာရောက်လည်ပတ်သူများ၊ ဘုရားဖူးအဖွဲ့များက မိုးလေကင်းလွတ်ရာသို့ ရှောင်တိမ်းခဲ့ရကြောင်း သိရသည်။

"ကျွန်တော်တို့မှာ ပွဲရောက်တာ မကြာသေးဘူး။ လေမုန်တိုင်းတိုက်လို့ ဘေးလွတ်ရာကို ရှောင်တိမ်းခဲ့ရပါတယ်။ ဆိုင်တွေအားလုံးနီးပါး ဖရိုဖရဲဖြစ်လို့ ဈေးဝယ်လို့မရတော့ပါဘူး" ဟု မော်လူးမြို့မှ ဦးတင်ငွေက ပြောသည်။

အဆိုပါ လေပွေငယ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ဈေးဆိုင်ခန်း ၇၀၀ ကျော်ခန့်၏ အမိုးအကာများ ပျက်စီးခြင်း၊ ယာယီသွပ်မိုးများလျှောကျခြင်းနှင့် ပွဲတော်လာရောက်လည်ပတ်သူ ၃၀၀၀ ခန့်မှာ မိုးလေလွတ်ရာသို့ ယာယီတိမ်းရှောင်ခဲ့ရကြောင်း၊ လေပွေငယ်မုန်တိုင်း တိုက်ခတ်မှုကြောင့် တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း၊ ပွဲတော်လုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပွဲတော်ဖြစ်မြောက်ရေးအကျိုးတော်ဆောင်များက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝဖြ**





ဖေဖော်ဝါရီ ၁၇ ရက်က ကသာမြို့တွင် လေတိုက်၍ မိုးရွာသွန်းမှုကြောင့် လမ်းမတော်လမ်းနှင့် ဆေးရုံသွားလမ်း၌ သစ်ကိုင်းကျိုးကျခြင်း၊ ကွန်ကရစ်ဓာတ်တိုင်များ ပြတ်လဲခြင်းတို့ ဖြစ်ပွားခဲ့စဉ်။

ငွေအိုး (ကသာ)

# မိုးကောင်းမြို့နယ်၌ အချိန်အခါမဟုတ် မိုးရွာသွန်း မိုးသီးများကျ၍ နေအိမ် ၃၀၀ ခန့် အမိုးများပျက်စီး

**မိုးကောင်း ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မရမ်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းကာ မိုးသီးများကျ၍ နေအိမ် ၃၀၀ ခန့် အိမ်အမိုးများ ပျက်စီးခဲ့ကြောင်း မရမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးနော်လှဒ်ထံမှ သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာ၌ ယနေ့ ညနေ ၄ နာရီက အချိန်အခါမဟုတ် မိုးရွာသွန်းကာ မိုးသီးများကျခဲ့၍ ကျေးရွာရှိ အိမ်ခြေ ၃၁၀ ၏ အိမ်အမိုးများ ပေါက်ပြဲခဲ့သည်။

အဆိုပါ မိုးသီးများကြွေကျမှုနှင့် စပ်လျဉ်း၍ မရမ်းကျေးရွာအုပ်ချုပ်ရေးမှူးက "ညနေ ၄ နာရီလောက်မှာ ရုတ်တရက်မိုးရွာလာပြီး မိုးသီးတွေ ကြွေကျလာတာ၊ တချို့မိုးသီးတွေဆို နှစ်လက်မ ကျော်ကျော်လောက်ရှိတယ်။ ၁၅ မိနစ်လောက်ကြာတယ်။ တစ်ရွာလုံးနီးပါး နေအိမ်အမိုးတွေ ပေါက်ပြဲကုန်ကြတယ်။ အသေးစိတ်စာရင်းကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေ လိုက်ကောက်နေပါတယ်" ဟု ပြောသည်။

အဆိုပါကျေးရွာသို့ မိုးကောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ ဒုတိယဦးစီးမှူး ဦးဝေဖြိုးကျော်၊ မြို့နယ်မီးသတ် ဒုတိယဦးစီးမှူး ဦးလဂွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ နမ္မတီးမြို့နယ်လုံးလုလူမှုကူညီရေးအသင်းတို့မှ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**





လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

# ဗင်နီဇွဲလားနိုင်ငံအတွင်းသို့ ထောက်ပံ့ရေးပစ္စည်းများရောက်ရှိရန် ပြည်သူများ စတင်ကြိုးပမ်း

**ကာရာကတ်စ် ဖေဖော်ဝါရီ ၁၇**
ဗင်နီဇွဲလားနိုင်ငံအတွင်းရှိ ထောင်ပေါင်းများစွာသော လုပ်အားပေးပြည်သူများက အမေရိကန်၏ လူသားချင်းစာနာထောက်ပံ့ပစ္စည်းများအား နိုင်ငံအတွင်းသို့ ရောက်ရှိရန် စတင်ကြိုးပမ်းလျက်ရှိပြီဖြစ်ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုကအမေရိကန်၏ ထောက်ပံ့ရေးပစ္စည်းများပေးပို့မှုသည် နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း ပုံစံတစ်မျိုးဖြစ်သည်ဟု ပြောကြားကာ ထောက်ပံ့ရေးပေးပို့မှုကို တားဆီးပိတ်ပင်လျက်ရှိသည်။ ထို့ပြင် ကိုလံဘီယာနယ်စပ်တွင် တပ်ဖွဲ့ဝင်များအား တပ်ဖြန့်ထားရန် ဖေဖော်ဝါရီ ၁၆ ရက်က ပြောကြားခဲ့ကြောင်း သိရသည်။

တစ်ချိန်က ဥစ္စာနေပေါကြွယ်ဝသည့်နိုင်ငံဖြစ်သော ဗင်နီဇွဲလားနိုင်ငံတွင် ဆိုရှယ်လစ်စနစ်ကို လက်ကိုင်ကျင့်သုံးသော သမ္မတ မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွါအီဒိုတို့အကြား အာဏာလွန်ဆွဲပွဲဖြစ်ပွားလျက်ရှိသည်။ အတိုက်အခံခေါင်းဆောင် ဂွါအီဒိုသည် လွန်ခဲ့သောလအတွင်းက ၎င်းကိုယ်ကို သမ္မတအဖြစ်ကြေညာခဲ့ပြီး သူ့အား ထောက်ခံသည့် နိုင်ငံ ၅၀ ကျော်လာရှိလာခဲ့ပြီဖြစ်သည်။

သမ္မတမာဒူရိုလက်ထက်တွင် နိုင်ငံ၏စီးပွားရေး ချွတ်ခြုံကျဆင်းခဲ့ပြီး သန်းပေါင်းများစွာသော ပြည်သူများသည် နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုများအပြင် အစားအစာနှင့် ဆေးဝါးပြတ်လပ်မှုများကို ရင်ဆိုင်နေရသည်။

ကိုလံဘီယာနယ်စပ်မြို့ ကူကူတာတွင် ရောက်ရှိနေသော အမေရိကန်ထောက်ပံ့ရေးပစ္စည်းများအား ဗင်နီဇွဲလားနိုင်ငံအတွင်းသို့ ရောက်ရှိစေရန် ကြိုးပမ်းမှုသည် သမ္မတမာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့၏ ထိပ်တိုက်ရင်ဆိုင်မှု တစ်ခုဖြစ်လာခဲ့သည်။

အဆိုပါထောက်ပံ့ရေးပစ္စည်းများ နိုင်ငံအတွင်းသို့ ရောက်ရှိစေရေးအတွက် အဖြူရောင်တီရှပ်နှင့် ခေါင်းစည်းပဝါများဝတ်ဆင်ထားသော လုပ်အားပေးပြည်သူ ၄၀၀၀ ခန့်က စွမ်းစွမ်းတမံ ဆောင်ရွက်ကြမည်ဖြစ်သည်ဟု အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက ဆိုသည်။

ယင်းလုပ်အားပေးပြည်သူများအနက် ဆရာဝန်များ၊ သူနာပြုများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ကြောင်း သိရသည်။

အမေရိကန်ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော လေယာဉ်တစ်စင်းသည် မိုင်ယာမီမြို့မှ ကူရာကာအိုမြို့သို့ ထပ်မံရောက်ရှိခဲ့ပြီဖြစ်သည်။ ဘရာဇီးနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ စုဆောင်းထားရှိမှု စင်တာကိုလည်း ကူရာကာအိုမြို့၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်ဟု အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက ဆိုသည်။

သမ္မတမာဒူရိုက ပြည်သူများအတွက် အစားအစာ သေတ္တာများနှင့် ဆေးဝါးများအပါအဝင် ဆေးဝါးထောက်ပံ့မှုပစ္စည်း ၉၃၃ တန်ခန့်ကို တရုတ်၊ ကျူးဘားနှင့် ရုရှားနိုင်ငံများအပါအဝင် ၎င်း၏မဟာမိတ်နိုင်ငံများမှ ဝယ်ယူထားပြီးဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




# အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးမတိုင်မီ ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ချမှတ်ထားသင့်ဟု ဒုတိယသမ္မတ မိုက်ပန့်စ်ဆို




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**
အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးမတိုင်မီ ပြုံယမ်းအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်ထားရှိရန် လိုအပ်သည်ဟု အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က အလေးပေးပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က ဖေဖော်ဝါရီ ၁၆ ရက်က ဂျာမနီနိုင်ငံ၌ ကျင်းပသော မြူးနစ်လုံခြုံရေးကွန်ဖရင့်စ်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်၌ အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့သည်။

ယခုလအတွင်း ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၌ ကျင်းပမည့် အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးတွင် သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် အပြုသဘောဆောင်သော ရလဒ်များရရှိစေရန် ဆွေးနွေးနိုင်လိမ့်မည်ဟု ဒုတိယ သမ္မတ မိုက်ပန့်စ်က ဆိုသည်။

**နျူလက်နက်စွန့်လွှတ်ရေး ပူးပေါင်းပါဝင်သင့်**

“အတိတ်ကကိစ္စရပ်တွေကို မေ့ထားပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်တွေကို ဆက်လက်ကာကွယ်ထိန်းသိမ်းလိုက်နာဖို့ နိုင်ငံအားလုံး အနေနဲ့ လိုအပ်ပါတယ်” ဟု ဒုတိယသမ္မတ မိုက်ပန့်စ်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နျူကလီးယားလက်နက်စွန့်လွှတ်ရေးအတွက် နိုင်ငံအားလုံးပူးပေါင်းကာ ကြိုးပမ်းသင့်သည်ဟု ဒုတိယသမ္မတ မိုက်ပန့်စ်က ဆိုသည်။

**ဆက်လက်စောင့်ကြည့်သင့်**

ပြုံယမ်းအနေဖြင့် ၎င်း၏ နျူကလီးယားလက်နက်များကို အပြီးတိုင် စွန့်လွှတ်ခြင်းနှင့် ဒုံးလက်နက်စမ်းသပ်ပစ်လွှတ်သည့်နေရာများကို နိုင်ငံတကာအား ကြည့်ရှုစစ်ဆေးခွင့်ပေးခြင်းတို့အတွက် အမေရိကန်အနေဖြင့် မည်သို့ တန်ပြန်လိုက်လျောမှုများ ပြုလုပ်မည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အမေရိကန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံယုံကြည်မှု အပြန်အလှန်တည်ဆောက်ရေးတွင် အထောက်အပံ့ဖြစ်နိုင်မည့် လုပ်ဆောင်ချက်များကို ထည့်သွင်းဆွေးနွေးရန် ပြင်ဆင်လျက်ရှိသည်ဟု မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်ကိုယ်စားလှယ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန် ပဋိပက္ခကြောင့် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၁၇**
အာဖဂန်နစ္စတန်မြောက်ပိုင်း ဘက်ခ်ပြည်နယ်ရှိ လုံခြုံရေးစစ်ဆင်ရေး ဂိတ်တစ်ခုကို တာလီဘန်စစ်သွေးကြွများက ညတွင်းချင်း ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ အာဖဂန်ရဲအရာရှိ ရှစ်ဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံတာဝန်ရှိသူများက ယနေ့ ပြောကြားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

“တာလီဘန်တွေက ညသန်းခေါင်အချိန်မှာ သေနတ်တွေ၊ လက်ပစ်ဗုံးတွေ၊ ဒုံးကျည်တွေနဲ့ ဝင်တိုက်တယ်။ ရဲအရာရှိတွေက ချင်မ်တယ်စီရင်စုရှိ ဟာရက်အီးမဇရီရွာမှာရှိတဲ့ ခါတ်ငွေ့ပိုက်လိုင်းတစ်ခုကို ကာကွယ်ရင်းပြန်ပြီး တိုက်ခိုက်တယ်။ အပြန်အလှန် တိုက်ခိုက်ရင်းနဲ့ ရဲရှစ်ဦးသေပြီး သုံးဦးဒဏ်ရာရတယ်” ဟု ချင်မ်တယ်စီရင်စု၏ အကြီးအကဲ မတင်ခိုဂျဇဒါက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

စီးနင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွအချို့လည်း သေကျေဒဏ်ရာရခဲ့ကြသည်။ သို့သော် ၎င်းတို့၏ သေဆုံးသူအရေအတွက်ကို ဖော်ပြခြင်းမရှိဘဲ တိုက်ပွဲအပြီးတွင် ဒဏ်ရာရသူများနှင့်အတူ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တာလီဘန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သည့် ဇပ်ဘူလာ မူဂျေဟစ်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် သောင်းကျန်းသူများသည် လုံခြုံရေးစစ်ဆေးရေးဂိတ်နှင့် ရဲကားနှစ်စီးကိုလည်း ဖျက်ဆီးခဲ့သည်ဟုဆိုသည်။ တာလီဘန်သူပုန်များသည် ၎င်းတို့၏ အမာခံတပ်များကို အရှေ့ပိုင်းနှင့် တောင်ပိုင်းမှ ယခင်ကငြိမ်းချမ်းသောဒေသဖြစ်သည့် မြောက်ပိုင်းသို့ ဖြန့်ကြက်ပြီး လူငယ်များအကြား တပ်သားသစ်များ ရှာဖွေစုဆောင်းခြင်းကြောင့် အာဖဂန်နစ္စတန်နိုင်ငံတွင် တိုက်ပွဲဖြစ်ပွားမှုများ မြင့်တက်လာခဲ့သည်။

စစ်သွေးကြွများသည် အာဖဂန်မြို့များနှင့် စီရင်စု များရှိ လုံခြုံရေးတပ်ဖွဲ့များကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်တိုက်ခိုက်ခဲ့သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက်က ကန်ဒါဟာပြည်နယ်တောင်ပိုင်းတွင် တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် အာဖဂန်နယ်စပ်တပ်ဖွဲ့အမှုထမ်း ၃၂ ဦး သေဆုံးခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်-ရုရှား အငြင်းပွားကျွန်းများအရေး ဆွေးနွေးညှိနှိုင်းမှု ရလဒ်ထွက်ပေါ်မှု မရှိသေး

**တိုကျို ဖေဖော်ဝါရီ ၁၇**
ဂျပန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများက နှစ်နိုင်ငံအငြင်းပွားလျက်ရှိသည့် ကျွန်းများအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ရလဒ်ထွက်ပေါ်မှုမရှိခဲ့ဘဲ ဆက်လက်ဆွေးနွေးညှိနှိုင်းရန်အတွက်သာ သဘောတူညီနိုင်ခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေျး လက်ဗ်ရိုဗ်တို့သည် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပသော လုံခြုံရေးကောင်စီအစည်းအဝေးသို့ တက်ရောက်ပြီးနောက် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက အငြင်းပွားလျက်ရှိသော ကျွန်းများနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးသဘောတူညီမှု တစ်ရပ် ထွက်ပေါ်လာစေရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

နိုဝင်ဘာလတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ၁၉၅၆ ခုနှစ် နှစ်နိုင်ငံပူးတွဲကြေညာချက်အပေါ် အခြေခံပြီး အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦး သဘောတူညီခဲ့သည့် ပူးတွဲကြေညာချက်အပေါ် အခြေခံကာ နိုင်ငံခြားရေးဝန်ကြီးများက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးက အငြင်းပွားကျွန်းများပေါ်တွင် ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာသက်ဝင်ရမည်ဆိုသည့် အချက်သည် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုတွင် အဓိက အရေးပါသောအချက်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါကျွန်းများသည် ဒုတိယကမ္ဘာစစ်၏ ရလဒ်ထွက်ပေါ်မှုတစ်ခု အဖြစ် ရုရှားနိုင်ငံက ပိုင်ဆိုင်သွားပြီဖြစ်ပါ ကြောင်း ဝန်ကြီးဆာဂေျး လက်ဗ်ရိုဗ်က ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးကိုနိုက အဆိုပါကျွန်းများသည် ဂျပန်နိုင်ငံ၏ ဘိုးဘွားပိုင် အမွေအနှစ် ဖြစ်ပါသည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် ဝန်ကြီးများက ကျွန်းများပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။



နှစ်ပေါင်း ၇၀ ကြာခဲ့ပြီဖြစ်သော နှစ်နိုင်ငံ အငြင်းပွားလျက်ရှိသည့် ကျွန်းပိုင်ဆိုင်မှု အရေးကိစ္စကို နေ့ချင်း၊ ညချင်းဖြေရှင်းရန် မဖြစ်နိုင်ကြောင်း ဝန်ကြီးကိုနိုက ဆိုသည်။ ၎င်းအနေဖြင့် နောက်ဆုံးရလဒ်ထွက်ပေါ်သည့်တိုင် ဝန်ကြီးဆာဂေျး လက်ဗ်ရိုဗ်နှင့်အတူ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

**○ အောင်ပွဲရမှ**

အောင်ပွဲရ မြန်မာအမျိုးသမီးအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်များ၊ ကစားသမားများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က နိုဗိုတယ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း (နာယက၊ KBZ Bank)က ကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(ဥက္ကဋ္ဌ၊ AYA Bank) က ကျပ်သိန်း ၂၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကျပ်သိန်း ၁၀၀၊ ဦးထွန်းနှင့်မမို့ (Poe Poe Car Company) က ကျပ်သိန်း ၅၀ စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ် သိန်း ၅၅၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် “မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအနေနဲ့ အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲမှာ ချန်ပီယံဆုရခဲ့တဲ့အတွက် ချီးကျူးဂုဏ်ပြုပါတယ်။ အခုပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့သလို လာမယ့် အာဆီယံအဆင့်၊ အာရှအဆင့်ပြိုင်ပွဲတွေမှာလည်း အောင်မြင်မှုတွေရအောင် ကြိုးစားစေချင်ပါတယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စုပွဲများ၌ နီပေါအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အီရန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အိန္ဒိယအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတွင် နီပေါအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲ၏ ချန်ပီယံဆုအပြင် အသန့်ရှင်းဆုံးအသင်းဆုကိုပါ ရရှိခဲ့ပြီး တစ်ဦးချင်းဆုများအဖြစ် အကောင်းဆုံးဂိုးသမားဆုကို ဇာဇာမြင့်၊ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုကို ဝင်းသိင်္ဂီထွန်း၊ သွင်းဂိုးအများဆုံးဆုကို ရီရီဦး (နီပေါကစားသမားနှင့်ပူးတွဲ) တို့က ရရှိခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ရီးယဲလ်မက်ဒရစ်အသင်းက ဂျီရိုနာအသင်းကို ရှုံးနိမ့် နောက်ခံလူ ရာမို့စ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရ

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ် ၂၄ အဖြစ် ဂျီရိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ပွဲကစားချိန် ၂၅ မိနစ်မှာ သွင်းယူခဲ့တဲ့ ကတ်စမဲရိုးရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၆၅ မိနစ်မှာ စတုယာနီရဲ့ပင်နယ်တီသွင်းဂိုးနဲ့ ၇၅ မိနစ်မှာ မန်ဇာနီရာတို့၏ သွင်းဂိုးတွေကို ခွင့်ပြုပေးလိုက်ရတာကြောင့် နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုဂျီရိုနာအသင်းနဲ့ ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ရတာကြောင့် အမှတ်ပေးဇယား၏ အဆင့် ၂ နေရာကို တက်လှမ်းနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုနှစ်ဘောလုံးရာသီမှာ စပိန်လာလီဂါဆုဖလားရယူနိုင်ဖို့ ပစ်မှတ်ထားနေတာဖြစ်ပေမယ့် ဂျီရိုနာအသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် အမှတ်ပေးဇယားရဲ့အဆင့် ၃ နေရာမှာပဲ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်နောက်တန်းကစားသမား ရာမို့စ်ဟာ ပွဲကစားချိန်မိနစ် ၉၀ မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပြီး အခုလို အနီကတ်နဲ့ထုတ်ပယ်ခံခဲ့ရတာဟာ ရာမို့စ်အတွက်တော့ လာလီဂါပြိုင်ပွဲမှာ သူ့ရဲ့ကစားသမားဘဝတစ်လျှောက် ၁၉ ကြိမ်မြောက်ပြသခံခဲ့ရတဲ့ အနီကတ်လည်းဖြစ်ပါတယ်။



© Getty Images

## မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ပြိုင်ပွဲနှင့် နွေရာသီတင်းနစ်သင်တန်း အချိန်စာရင်းများထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ၂၀၁၉ ခုနှစ်တွင် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၂ ရက်မှ ၉ ရက်အထိ လည်းကောင်း၊ မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၂ ရက်အထိ လည်းကောင်း၊ Myanmar C.P ဖလား တင်းနစ်ပြိုင်ပွဲကို မေ ၄ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၉ ရက်အထိ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး နွေရာသီအခြေခံတင်းနစ်သင်တန်းကို မတ် ၁၁ ရက်မှ ဧပြီ ၅ ရက်အထိ၊ နွေရာသီအဆင့်မြင့်တင်းနစ်သင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၁၇ ရက်အထိ အပတ်စဉ် (တနင်္လာ မှ သောကြာ) နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များကို Myanmar Tennis Federation Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၉-၂၅၄၂၇၂၂၃၄၊ ၀၉-၂၅၀၁၈၇၀၄၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## ဩစတြေးလျ ယူ-၁၇ အသင်းကို မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ထပ်မံရှုံးနိမ့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ဩစတြေးလျ ယူ-၁၇ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဩစတြေးလျ ယူ-၁၇ အသင်းနှင့် ပထမခြေစမ်းပွဲတွင် လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မြန်မာ ယူ-၁၆ အသင်းသည် ပထမပွဲထက် ပိုကောင်းသည့်ခြေစွမ်းနှင့် စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သောကြောင့် တစ်ဂိုးဖြင့်သာ ကပ်၍ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နောက်ဆုံးခြေစမ်းပွဲဖြစ်သောကြောင့် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ကာ ဩစတြေးလျအသင်းကို ရင်ဆိုင်ခဲ့သည်။ ဩစတြေးလျအတွက် ဂိုးများကို ၈ မိနစ်တွင် ဂျော်ဂျီယာ၊ ၉၀+၂ မိနစ်တွင် ဟာနာတို့က သွင်းယူပြီး မြန်မာအသင်းအတွက် ချေပဂိုးကို ၅၂ မိနစ်တွင် မြတ်နိုးခင်က သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၇ ရက်အထိ ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ တစ်ပွဲနိုင် နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ဩစတြေးလျကလပ် ဘရစ္စဘိန်းရိုအာအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရသော်လည်း ဩစတြေးလျ ယူ-၁၇ အသင်းကို ပထမပွဲတွင် လေးဂိုးပြတ်၊ ဒုတိယပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ၁၉၉၉ ခုနှစ်က ဖလားသုံးလုံးရယူနိုင်ခဲ့တဲ့ မန်ယူရဲ့စံချိန်ကို လိုက်မီဖို့ မန်စီးတီးအသင်း နီးစပ်မှုရှိနေ

မန်စီးတီးအသင်းဟာ စနေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားပဉ္စမအဆင့်ပွဲစဉ်မှာ နယူးပို့ကောင်တီအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

နည်းပြ ဂွာဒီယိုလာရဲ့ မန်စီးတီးအသင်းအနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးက ရပ်တည်နေတဲ့အပြင် ဖေဖော်ဝါရီ ၂၀ ရက်မှာလည်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် ရှော်လ်ကေးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်ပြီးရင် ကာရာဘာအိုဖလားနောက်ဆုံးဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အဲဒါကြောင့် မန်စီးတီးအသင်းဟာ ဖလားလေးလုံးလမ်းကြောင်းပေါ်မှာပဲ ရှိနေဆဲဖြစ်ပြီး ၁၉၉၉ ခုနှစ်က ဆုဖလားသုံးလုံးရယူနိုင်ခဲ့တဲ့ မန်ယူအသင်းရဲ့ စံချိန်ကို လိုက်မီဖို့နီးစပ်နေပြီလည်းဖြစ်ပါတယ်။ မန်ယူအသင်းဟာ ၁၉၉၉ ခုနှစ်မှာ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပွဲစဉ် ၂၇ ကစားအပြီး အမှတ်ပေးဇယားဒုတိယနေရာက လီဗာပူးအသင်းကို ရမှတ်တူဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်ခွင့်ရရှိထားတာဖြစ်ပါတယ်။

အခုလိုအောင်မြင်မှုရရှိနေတာဟာ နည်းပြဂွာဒီယိုလာအနေနဲ့ ကစားသမားတိုင်းကို အလှည့်ကျပွဲထွက်ကစားခွင့်ပေးတဲ့ပုံစံနဲ့ ပွဲထုတ်ခဲ့တာကြောင့်ဖြစ်တယ်လို့လည်း အသက် ၁၈ နှစ်အရွယ် လူငယ်ကစားသမား ဖီးလ်ဖိုဒန်က ပြောခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



## ဘူးသီးတောင်၊ မိုင်းရယ်၊ တာချီလိတ်၊ နမ့်ခမ်း မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဘူးသီးတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ဘူးသီးတောင်မြို့ မြို့မရပ်ကွက်နေ မိုဟာမတ်ရှီးဝိုက်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ နှင့် ငွေကျပ် ၄၀၀၀၀ တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီက မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့နယ် မန့်စန့်ကျေးရွာအနီး မိုင်းရယ်-သီပေါသွားလမ်းတွင် စိုင်းခမ်းခိုင် မောင်းနှင်ပြီး စိုင်းစံပွင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၈၅၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ တို့ကို လည်းကောင်း။

အလားတူ ထိုနေ့နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မဲခေါင်မြစ်ဟိုတယ်ရှေ့ ဗိုလ်ချုပ်လမ်း၌ သင်းအောင်(ခ)ကရင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၀၅ ပြား၊ အိုက်စ်သုည ဒသမ ၅ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ဆက်လက်၍ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၊ အပိုင်း(ခ) အိမ်တွင်းမှုလမ်းနှင့် မယ်ခေါင်(၇) လမ်းရှိ သင်းအောင်၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၀၊ အိုက်စ် ၁၄၅ ဂရမ်ကို လည်းကောင်း၊ တာချီလိတ်မြို့ ဆန်ဆိုင်း ရပ်ကွက်(ခ) ဗိုလ်ချုပ်လမ်း မောချယ်ရီတည်းခိုခန်း တတိယထပ် စကြံလမ်းတွင် လော်ဘေနှင့် လော်ဘာတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် နမ့်ခမ်းမြို့အဝင်မုခ်ဦးအနီး နမ့်ခမ်း-မူဆယ်သွားလမ်း၌ ကျန်းဖာကွမ်း မောင်းနှင်ပြီး မကျောင်ရွှေမိန် လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## အင်းတော်နှင့် ပင်လည်ဘူးမြို့နယ်တို့တွင် တရားမဝင်ကျွန်းသစ်များ ဖမ်းမိ

**ကသာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်အတွင်းတို့မှ တရားမဝင်ကျွန်းသစ်နှင့် တမလန်းသစ်များ တင်ဆောင်လာသော ယာဉ်တစ်စီးနှင့် အတူ ယာဉ်မောင်းကိုပါ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲခန့်တွင် အင်းတော်မြို့နယ် နားမကျိုင်းကျေးရွာအနီး ဖက်ဆွတ်ကြိုးဝိုင်း၌ ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၁၈၆၄ တန်နှင့်အတူ တရားမဝင်သစ်ခွဲစက် တစ်လုံးတို့ကို သိမ်းဆည်းခဲ့ပြီး ပိုင်ရှင်အား စုံစမ်းဖော်ထုတ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီခန့်တွင် ပင်လည်ဘူးမြို့နယ် မြောက်မော်ကျေးရွာနှင့် ပါအော့ကျေးရွာသွား ကားလမ်းမ၌ သတင်းအရ ဝင်းပြည့်ဟန်ဌေး မောင်းနှင်လာသော ခြောက်ဘီးယာဉ်အား စစ်ဆေးရှာဖွေရာ တရားမဝင် တမလန်းခွဲသား ၅၃ ချောင်း(၂ ဒသမ ၃၂၆ တန်)အား တွေ့ရှိရသဖြင့် ဝင်းပြည့်ဟန်ဌေး ရေစကြိုမြို့နေသူအား ပင်လည်ဘူးမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မောင်တောမြို့နယ် သင်္ဘောလှ(ဒိုင်းနက်) ကျေးရွာမှ ရွာသားသုံးဦး သတ်ဖြတ်ခံရပြီး မြေကျင်းအတွင်း မြှုပ်နှံထားသည်ကို တွေ့ရှိရ

**မောင်တော ဖေဖော်ဝါရီ ၁၇**




မောင်တောမြို့နယ် သင်္ဘောလှ (ဒိုင်းနက်) ကျေးရွာမှ ရွာသား သုံးဦး ဖေဖော်ဝါရီ ၁၅ ရက်တွင် ကဏန်းရှာရန် သွားရောက်ရာမှ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် လိုက်လံရှာဖွေရာ သတ်ဖြတ်ခံရပြီး မြေကျင်းအတွင်း မြှုပ်နှံထားသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ သင်္ဘောလှ(ဒိုင်းနက်) ကျေးရွာမှ ဦးလှထွန်းအောင်(၄၂) နှစ်၊ ဦးချစ်ထွန်း(၄၂)နှစ်၊ ဦးမောင်ထွန်းစိန်(၄၁)နှစ်တို့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခန့်တွင် ကွမ်းသီးပင်ကျေးရွာဟောင်းဘက်သို့ ကဏန်းရှာရန် သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ရွာသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းရှာဖွေခဲ့ရာ လက်ဖွဲ့ကျကျေးရွာအနီး တောင်ကျော်လမ်း၌ မြေကျင်းအသစ်တစ်ခုကို တွေ့ရှိခဲ့ကြောင်း၊ ထိုနေရာကို တူးဖော်စစ်ဆေးခဲ့ရာ ဦးလှထွန်းအောင်နှင့် ဦးချစ်ထွန်းတို့တွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ ဦးမောင်ထွန်းစိန်တွင် ဝဲနားထင်ပြတ်ရှ၊ လည်ပင်းထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည့် အလောင်းများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို
တစ်စုတစ်ဝေးတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော
Jewellery & Luxury Mall



ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ Gold Stock Exchange၊ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းတိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော Times Mall လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ Information Centre ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

*Level-1* တစ်စတုရန်းပေ 5 $
*Level-2* တစ်စတုရန်းပေ 3.5 $
*Level-3* တစ်စတုရန်းပေ 3 $
*Level-4* တစ်စတုရန်းပေ 2.5 $
*Level-5* တစ်စတုရန်းပေ 2.5 $

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ်များ - 09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အားကစားကွင်းသစ်ဖွင့်ပွဲတက်ရောက်



**မယ်စဲ့ ဖေဖော်ဝါရီ ၁၇**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြို့နယ်အားကစားကွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက မယ်စဲ့မြို့ မြို့နယ်အားကစားကွင်းသစ်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ် (လွိုင်ကော်မြို့) နှင့် ထိုင်းနိုင်ငံ (မယ်ဟောင်ဆောင်) မြို့တို့ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့်အတွက် နှစ်နိုင်ငံအားကစားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် မြို့နယ်အဆင့် အားကစားကွင်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်က ဘောလုံးကွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ခွန်ယွန်းမြို့နယ်အုပ်ချုပ်ရေးမှူး MR Narongchai Chindaphan က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် သရဖူတောင်သူပွဲတော်ဖွင့်ပွဲ တက်ရောက်

**မုံရွာ ဖေဖော်ဝါရီ ၁၇**

သရဖူတောင်သူပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က မုံရွာမြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သရဖူစိုးမြင့်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ကိုကျော်ဇင်ထွေးက "မုံရွာမှာလုပ်တဲ့ရည်ရွယ်ချက်က တောင်သူအကျိုးပြုလုပ်ငန်းတွေ ဖော်ဆောင်ချင်လို့ပါ။ လယ်ယာသုံးပစ္စည်းတွေ ကားတွေနဲ့ ပတ်သက်တာတွေ မိတ်ဆက်ပြသတာပါ။ လုပ်ငန်းသုံးမီးစက်တွေနဲ့လည်း မိတ်ဆက်ပြသတာပါ။ တောင်သူတွေကို အဓိကပံ့ပိုးပေးမှာက နည်းပညာတွေကို ပံ့ပိုးပေးသွားမှာပါ" ဟု ပြောသည်။

မုံရွာ သရဖူတောင်သူပွဲတော်တွင် အာဇာနည်၊ ဂျီလတ်၊ ဝိုင်းစုခိုင်သိန်း၊ မိစန္ဒီ၊ ဖြိုးပြည့်စုံ တို့ပါဝင်သော အဆိုတော်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည့်အပြင် တန်ဖိုးကြီးကံစမ်းမဲအစီအစဉ်များ၊ လက်ဆောင်များ၊ ဂိမ်းကစားပွဲများ၊ မျက်လှည့်ဖျော်ဖြေပွဲများ ထည့်သွင်းစီစဉ်တင်ဆက်ထားပြီး လယ်ယာလုပ်ငန်းသုံးပစ္စည်းဝယ်သူတိုင်းကို ရုပ်ရှင်သရုပ်ဆောင် သဥ္ဇာဝင့်ကျော်နှင့် ဓာတ်ပုံတွဲရိုက်ခွင့်ပေးရာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ပေါက်မြို့ အိမ်တွင်းမှုကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**ပေါက် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ လူမှောင်ခိုလူကုန် ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဦးလွှမ်းမိုးအောင်က လူမှောင်ခိုလူကုန်ကူးခြင်းဆိုင်ရာများ၊ လူကုန်ကူးမှုပြစ်မှုကျူးလွန်ပါက ကျခံစေရမည့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ပေါက်မြို့မစခန်းမှူး ဒုတိယရဲမှူး ဇေယျာသန်းက လူကုန်ကူးမှု မခံရစေရေး ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစောမြင့်ခိုင်က စာပေဖတ်ရှုခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး(၁) ဒေါ်လိန်းထုံးအွယ်က ကျန်းမာရေးနှင့်ပတ်သက်၍ HIV ပိုးနှင့်AIDS ရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

## တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ကတ်များထုတ်ပေး

**မြင်းခြံ ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများအတွက် စာမေးပွဲဖြေဆိုခွင့်ကတ်များကို ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်၍ ထုတ်ပေးနေပြီဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ရရှိသူများကို ဖြေဆိုခွင့်ကတ် (Identity Card ) များကို စာစစ်ဌာနများတွင် ထုတ်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများကလည်း မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် လာရောက်ထုတ်ယူလျက်ရှိကြသည်။

မြင်းခြံမြို့နယ် နဘူးအိုင် အထကတွင် စာစစ်ဌာနအသစ်ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ ယခုနှစ်တွင် စာစစ်ဌာနပေါင်း ရှစ်ခုရှိသွားပြီဖြစ်ပြီး ဖြေဆိုမည့်သူ ၄၈၉၉ ဦးဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

## ဒုတိယအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲ မန္တလေးတွင်ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၇**

မန္တလေးမြို့တွင် ဒုတိယအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲ Ferrovit Walkathon ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၆ နာရီက အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်းရှေ့ စုရပ်နေရာတွင် ကျင်းပသည်။

အဆိုပါ အမျိုးသမီးလမ်းလျှောက်ပွဲသို့ ပါဝင်လမ်းလျှောက်သူ အင်အား ၃၀၀၀ ကျော်သည် တာလွှတ်စုရပ် ရွှေမန်းတောင်ကွင်းနေရာမှ ၇၃ လမ်းအတိုင်း တောင်ဘက် ၁၂ လမ်းအထိ၊ ထိုမှ အရှေ့ဘက်သို့လျှောက်ပြီး မန္တလေးတောင်လမ်းနှင့်ဆုံရာတွင် ပြန်ကွေ့၍ လာရာလမ်းအတိုင်း ရွှေမန်းတောင် အားကစားကွင်းအတွင်းထိ စုပေါင်း လမ်းလျှောက်ကြပြီး ပြန်လည်ပန်းဝင်ကာ ပျော်ရွှင်စွာဆင်နွှဲရောက်ရှိခဲ့ကြရာ ပန်းဝင်သူများကို Ferrovit လက်ဆောင်နှင့် ဆွဲပြားများ ပေးအပ်ကြသည်။

ထို့နောက် ရွှေမန်းတောင်အားကစားကွင်းတွင် အာဟာရဆိုင်ရာ ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းမြင့်က ကျန်းမာရေးအသိပညာပေးခြင်း၊ သရုပ်ဆောင်တင်မိုးလွင်၊ ချစ်သုဝေနှင့် ကိုကျော်ထက်အောင်၊ Zumba အကအဖွဲ့ တို့၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေခြင်းများပါဝင်ပြီး ပြိုင်ပွဲဝင်များကို အင်္ကျီ၊ ဦးထုပ်များ ပေးအပ်ခြင်းပန်းဝင်လာသူအားလုံးကို ဆုတံဆိပ်များပေးအပ်ခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ အသည်းရောင်အသားဝါ ဘီပိုး ရှိ၊ မရှိ အခမဲ့ စစ်ဆေးပေးခြင်း၊ ဂိမ်းအစီအစဉ်များ၊ အမှတ်တရဓာတ်ပုံပြိုင်ပွဲများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ Ferrovit သံဓာတ်အားဖြည့်ဆေးမှ ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံရှိ ကလေးများနှင့် အမျိုးသမီးထုကြီးသည် သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းရောဂါကို ခံစားနေရပြီး ၎င်းသွေးအားနည်းရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဗဟုသုတများ၊ အသိအမြင်များ ပိုမိုတိုးပွားလာစေရန်ရည်ရွယ်ချက်ဖြင့် အစဉ်အလာမပျက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ယဉ်ကျေးမှုအမွေအနှစ်များ လေ့လာနိုင်မည့် ဓာတ်ပုံများကပြောသော ပဲခူးဓာတ်ပုံပြပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၇**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက်ရှိ ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်း ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက ဓာတ်ပုံများကပြောသောပဲခူး (Bago Gallery) ဓာတ်ပုံပြပွဲ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါ်ညွန့်ညွန့်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ဓာတ်ပုံပညာရှင်များအား OMNITECH Co.,Ltd၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့်တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါဓာတ်ပုံပြပွဲအား တိုင်းဒေသကြီးအတွင်းတွင် ဖြစ်တည်နေသော မြေပေါ်မြေအောက်ယဉ်ကျေးမှုအမွေအနှစ်များကို တစုတစေးတည်း သိရှိနိုင်ရန်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်တန်ဖိုးထားကာကွယ် ထိန်းသိမ်းတတ်စေရန်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပဲခူးဌာနခွဲ) တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် တိုင်းဒေသကြီးအတွင်းရှိ ဓာတ်ပုံပညာရှင်များ၊ ဒီဇိုင်နာမျိုးဆွေသန်းနှင့်အဖွဲ့တို့ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် ပြုလုပ်ခြင်းဖြစ်သည်။

ဟံသာဝတီခေတ် ပဲခူး၏ လူမှုဘဝအစိတ်အပိုင်းအချို့နှင့် လူမှုဘဝများ၊ ဟံသာဝတီခေတ် စဥ့်အိုးကွဲများပေါ်တွင် မြင်တွေ့ရပုံ၊ ရွှေဂူကြီးဘုရားတွင် တပ်ဆင်ခဲ့သော စဥ့်ကွင်းများမှ ဟံသာဝတီ ပဲခူးခေတ် အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့ဟန်ပုံ စသည့်ပဲခူးဒေသနှင့်သက်ဆိုင်သော အထင်ကနေရာများ၏ သမိုင်းဝင်ဓာတ်ပုံများ၊ ရှုမငြီးနိုင်သည့် ရှုခင်းဓာတ်ပုံပေါင်း ၁၂၈ ပုံကျော်အား ပြသထားကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးသည် ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းဘုရားစေတီပုထိုးများ များစွာတစုတဝေးတည်းရှိနေသည့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်သည်။

ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး တည်ဆောက်ခဲ့သော ကမ္ဘောဇသာဒီနန်းတော်ကြီးသည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများအနက် ထင်ရှားသည့်နေရာတစ်ခုဖြစ်သည့်အပြင် ရှေးခေတ်မြန်မာမင်းတို့၏ ကြီးကျယ်ခမ်းနားမှုများကို လေ့လာသိရှိနိုင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

**ဒေါက်တာသီတာလေးသွယ်၊ ပါမောက္ခ(ဌာနမှူး)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံသစ်သည် ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးဦးတည်ချက်နှင့် လိုက်လျောညီထွေစွာ ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှုလျော့ပါးစေရေး၊ စဉ်းစားတွေးခေါ်မြော်မြင်မှု (Critical thinking) အရည်အသွေးရရှိရန်နှင့် ထိုအရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန် ပြောင်းလဲထားခြင်းဖြစ်ပါသည်။

ပြောင်းလဲသည်ဟုဆိုရာတွင် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိစေရန် ဂရုပြုလျက် ယခင်မေးခွန်းပုံစံကိုအခြေခံ၍ ပိုမိုကောင်းမွန်ပြီး ကျောင်းသား ကျောင်းသူ အရည်အသွေးအလွှာစုံအတွက် ကြိုးစားဖြေဆိုနိုင်ရန် အခွင့်ရှိသော မေးခွန်းပုံစံသစ်ကို ဖြည့်စွက်ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါသည်။

**ဇယား (၁) မေးခွန်းပုံစံသစ်၏ မေးခွန်းအမျိုးအစား၊ မေးခွန်းအမှတ်စဉ်များနှင့်ရွေးချယ်ခွင့်၊ မေးခွန်းအမျိုးအစား ပေးမှတ်များ၊**

| **မေးခွန်းပုံစံ နှင့် ပေးမှတ်** | | |
|---|---|---|
| **Q No.** | **Question Type** | **Mark** |
| 1 | State **TRUE** or **FALSE** to the following statements.<br>Do not copy the statements.<br>(**1 mark** X **10** statements) | **10 marks** |
| 2 | **Choose the correct answer** for the following statements.<br>Do not copy the statements.<br>(**1 mark** X **10** statements) | **10 marks** |
| 3 | **Complete** the following statements with appropriate words.<br>Do not copy the statements.<br>(**1 mark** X **10** statements) | **10 marks** |
| 4 | Answer **ALL** questions.(**2 marks** X **5** questions)<br>Given a., b., c., d. **or**, e. **or** | **10 marks** |
| 5 | Answer **ANY FOUR** questions.(**5 marks** X **4** questions)<br>Given a., b., c., d. **or**,e. **or** | **20 marks** |
| 6 | Answer **ANY FOUR** questions.<br>(**10 marks** X 4 questions)<br>Given a., b., c., d., e. **or**,f. **or** | **40 marks** |
| | **Total** | **100 marks** |

**မေးခွန်းပုံစံ**

မေးခွန်းတွင်မေးခွန်းအမှတ်စဉ် (Question No. 1 - 6) စုစုပေါင်း (၆) ခုပါဝင်ပါသည်။

⁕ Question No.1 တွင် အမှား၊ အမှန် (TRUE or FALSE)ဖြေဆိုရသော ပုဒ်ခွဲငယ် (၁၀) ခု (i to x) ကို တစ်ခုလျှင်(၁) မှတ်နှုန်းဖြင့် ပေးမှတ်စုစုပေါင်း (၁၀)မှတ်ဖြစ်ပါသည်။ အဖြေမှန် TRUE or FALSE ကို ပုဒ်ခွဲငယ် နံပါတ်(i to x)နှင့်အတူ ဖော်ပြဖြေဆိုရမည်ဖြစ်ပါသည်။

⁕ Question No.2 တွင် အဖြေမှန်(correct answer)ကို ရွေးချယ်ရသည့် (Multiple choice)အတွက် ပုဒ်ခွဲငယ် (၁၀) ခု (i to x) ကို တစ်ခုလျှင် (၁) မှတ်နှုန်းဖြင့် ပေးမှတ်စုစုပေါင်း (၁၀) မှတ်ဖြစ်ပါသည်။ ပုဒ်ခွဲငယ် တစ်ခုလျှင် ရွေးချယ်ရန်အကြောင်းအရာသည် (စကားလုံး (သို့) ပုံ (သို့) ကိန်းဂဏန်းစသည့်) (၄) မျိုးကို (A, B, C, D) ဟူ၍ ပေးထားမည်ဖြစ်ပြီး အဖြေမှန် A သို့ B သို့ C သို့ D ကိုသာ ပုဒ်ခွဲငယ်နံပါတ် (i to x)နှင့်အတူ ဖော်ပြဖြေဆိုရမည်ဖြစ်ပါသည်။ အဖြေမှန်စကားလုံးကို ပြန်လည်ကူးယူပေးရန်မလိုပါ။

⁕ Question No.3 တွင် ကွက်လပ်ဖြည့်ခြင်း တစ်နည်းအားဖြင့် ပေးထားသော statement ကို အဓိပ္ပာယ်ပြီးပြည့်စုံအောင် ကွက်လပ်မှာမှန်ကန်တဲ့အဖြေကို ဖြည့်စွက်ရေးသားဖြေဆိုရမည့် (Completion)အတွက် ပုဒ်ခွဲငယ် (၁၀) ခု (i to x)ကို တစ်ခုလျှင် (၁) မှတ်နှုန်းဖြင့် ပေးမှတ်စုစုပေါင်း (၁၀) မှတ်ဖြစ်ပါသည်။ အဖြေမှန်ကို မိမိက ရေးသားဖော်ပြဖြေဆိုရမှာဖြစ်တဲ့အတွက် စာလုံးပေါင်းကို သေချာစွာ သိရှိရန်လိုအပ်ပါလိမ့်မည်။ ဆင်တူယိုးမှား စာလုံးပေါင်းများကို အဓိပ္ပာယ်နှင့်တကွ မှတ်သားလေ့လာထားခြင်းဖြင့် အဖြေမှန်ကို ရေးသားဖြေဆိုနိုင်မှာ ဖြစ်ပါသည်။

⁕ Question No.4 တွင် "Answer ALL questions." ဟူ၍ ပုဒ်ခွဲငယ် (၅) ခုအတွက် ပုဒ်ခွဲငယ်တစ်ခုလျှင် (၂) မှတ်ဖြင့် စုစုပေါင်း (၅) ပုဒ်အတွက် ပေးမှတ်စုစုပေါင်း (၁၀) မှတ်ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ် ပုဒ်ခွဲငယ်(d) နှင့် (e) အသီးသီးကို (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံပေးထားပါမည်။

⁕ Question No.5 တွင် "Answer ANY FOUR questions." ဟူ၍ (a, b, c, d, e) ဟု ပုဒ်ခွဲငယ် (၅) ပုဒ်ကို တစ်ပုဒ်လျှင် (၅) မှတ်နှုန်းဖြင့် နှစ်သက်ရာ (၄) ပုဒ်ကို စုစုပေါင်းပေးမှတ် အမှတ် (၂၀) အတွက် ရွေးချယ်ဖြေဆိုရန်မေးထားပါမည်။ ရွေးချယ်ခွင့်အနေဖြင့် မေးခွန်းပုဒ်ခွဲ (e)ကို ထည့်ပေးထားမှာဖြစ်ပြီး ပုဒ်ခွဲငယ်(d) နှင့်(e) အသီးသီးကို (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံမေးထားပါမည်။

⁕ Question No.6 တွင် "Answer ANY FOUR questions." ဟူ၍ (a, b, c, d, e, f ) ဟု ပုဒ်ခွဲငယ် (၆) ပုဒ်ပေးထားမည်ဖြစ်ပြီး မိမိနှစ်သက်ရာ (၄) ပုဒ်ကို ရွေးချယ်ဖြေဆိုမှုအတွက် တစ်ပုဒ်လျှင် (၁၀) မှတ်နှုန်းဖြင့် စုစုပေါင်း ပေးမှတ် အမှတ် (၄၀) ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ်ပုဒ်ခွဲငယ် (၂) ပုဒ်(e, f ) ကို ထားရှိပြီး ထိုပုဒ်ခွဲငယ် အသီးသီးအတွက် (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံပေးထားပါမည်။

မေးခွန်းပုံစံသစ်တွင် မေးခွန်းအမှတ်စဉ် (Question No. 1 - 6)ရှိရာ မေးခွန်းတိုင်းကို ဇီဝဗေဒဘာသာရပ် (Biology) ပြဋ္ဌာန်းစာအုပ်ပါအခန်း ၁ မှ ၁၂ (Chapter 1 - 12)အစဉ်လိုက် ပါဝင်စေမည်ဖြစ်ပြီး ဇီဝဗေဒဘာသာရပ်တွင် အကျုံးဝင်သည့် ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်အသီးသီးကို မျှတစွာဖွဲ့စည်းတည်ဆောက်ပေးမည်ဖြစ်ပါသည်။ ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်တစ်ခုချင်းအလိုက် သက်ဆိုင်ရာမေးခွန်း (သို့မဟုတ်) ရုက္ခဗေဒနှင့် သတ္တဗေဒနှစ်မျိုးစလုံးနှင့် သက်ဆိုင်သော ဇီဝဗေဒသဘောတရားဆိုင်ရာ မေးခွန်းလည်း ပါဝင်နိုင်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါသင်ခန်းစာများ၏ အနှစ်ချုပ် (SUMMARY) မှ မေးခွန်းထုတ်မည်မဟုတ်ပါ။

မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မား၍ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးကောင်းမွန်တိုးတက်လာစေရေးကို ဦးတည်သည့်နည်းတူ အရည်အသွေးအမျိုးမျိုးသော ကျောင်းသား ကျောင်းသူများအတွက် မိမိအရည်အချင်းအလိုက် ဖြေဆိုရန် လျော်ညီသောမေးခွန်းအမျိုးမျိုး ပါဝင်မည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် မေးခွန်းနှင့်ကိုက်ညီသော ဖြေဆိုမှုပုံစံဖြင့် စနစ်တကျ ကြိုးစားဖြေဆိုကြရန် လေးလေးနက်နက်မှာကြားလိုပါသည်။ ဆိုလိုသည်မှာ မိမိကပြဋ္ဌာန်းစာအုပ်မှ စာပိုဒ်ကို အလွတ်ကျက်မှတ်ထားပြီး ကျက်ထားသည့်အတိုင်း စာပိုဒ်ကိုရေးချဖြေဆိုခြင်းမဟုတ်ဘဲ မေးခွန်းအသွားအလာတွင်မူတည်၍ ဆီလျော်သည့်ဖြေဆိုမှု (ဥပမာ - အလွတ်ကျက်မှတ်ထားသည့် စာပိုဒ်တွင်ပါဝင်သည့် အကြောင်းအရာအလိုက် မေးခွန်းနှင့်ကိုက်ညီသော သီးခြားခေါင်းစဉ်ငယ်ဖြင့် ထုတ်နုတ်ဖြေဆိုပြနိုင်ခြင်း)ကို ပြုလုပ်ဖြေဆိုနိုင်ရမည်ဖြစ်ပါသည်။ သို့မှသာ မိမိတို့၏သင်ယူတတ်မြောက်မှု၊ မေးခွန်းကိုသဘောပေါက်နားလည်မှုနှင့် စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးများကို ပေါ်လွင်စေမည်ဖြစ်ပါသည်။

**အဓိကသတိပြုရမည့်အချက်များ**

မေးခွန်းပုံစံနှင့်စပ်လျဉ်း၍ အဓိကသတိပြုရမည့်အချက်များကို ထုတ်နုတ်ဖော်ပြရလျှင်-

(၁) မေးခွန်းအမှတ်စဉ် (၂)တွင် အဖြေမှန်(correct answer) ရွေးချယ်ခြင်း၊ (Multiple choice) မေးခွန်းပုံစံသစ်တိုးလာခြင်း၊

(၂) မေးခွန်းအမှတ်စဉ် (၅) (ယခင်အမှတ်စဉ် ၄) တွင် ယခင်ပေးမှတ်တစ်ပုဒ်လျှင် (၄) မှတ်မှ ယခုမေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၅) မှတ်သို့ ပြောင်းလဲထားခြင်း၊

(၃) မေးခွန်းအမှတ်စဉ် (၆) (ယခင်အမှတ်စဉ် ၅) တွင် ယခင်ပေးမှတ်တစ်ပုဒ်လျှင် (၈) မှတ်မှ ယခုမေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၁၀) မှတ်သို့ ပြောင်းလဲထားခြင်းတို့ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မေးခွန်းအမှတ်စဉ် (၅) နှင့် (၆) အတွက် ပေးမှတ်နှင့်လျော်ညီသော ဖြေဆိုမှုပြုနိုင်ရန်လိုအပ်ပါသည်။

မေးခွန်းပုံစံသည် အလွတ်ကျက်မှတ်ခြင်းကို လိုအပ်သည်ထက်ပို၍ မကျင့်သုံးရန်၊ ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှုအရည်အသွေးကို လေ့ကျင့်ပေးရန်နှင့် ဖော်ထုတ်ပေးရန် ရည်ရွယ်ပါသည်။

တက္ကသိုလ်ဝင်တန်း ဇီဝဗေဒဘာသာရပ် (Biology) ကျောင်းသုံးဖတ်စာအုပ်သင်ခန်းစာ ၁၂ ခုရှိတဲ့အနက် သင်ခန်းစာ (၆) မှ (၁၁) က ရှေ့ကသင်ခန်းစာ (၁)မှ(၅)အထိ လေ့လာသင်ယူခဲ့ရတဲ့ အခြေခံသိမှတ်ဖွယ်ရာတွေကို ပိုပြီး နက်ရှိုင်းစွာ သိရှိနားလည်ဖို့ အထောက်အပံ့ပြုပြီး သက်ရှိလုပ်ငန်းများ၏ ဇီဝဖြစ်စဉ်သဘောတရားများကို ပိုမို ကျယ်ပြန့်နက်နဲစွာ ဖော်ပြပေးထားတာကြောင့် နားလည်ဖို့ရော၊ ကျက်မှတ်လေ့လာဖို့ရော အနည်းငယ် ခက်ခဲပါလိမ့်မယ်။ အကြောင်းအကျိုးချိတ်ဆက်နားလည်သိမြင်နိုင်အောင် ဦးစွာကြိုးစားပြီးမှ ကျက်မှတ်ရမည့် အကြောင်းအရာများကို ကျက်မှတ်ဖို့ဖြစ်ပါသည်။ နောက်ဆုံး အခန်း(၁၂)ကတော့ သက်ရှိ၊ အပင်၊ သတ္တဝါတွေနဲ့ သက်မဲ့ပတ်ဝန်းကျင်တို့အကြား ဆက်စပ်ယှက်နွယ်မှု၊ အပြန်အလှန်အမှီသဟဲပြုမှုနှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့အတွက် လိုအပ်တဲ့ ဆောင်ရန်ရှောင်ရန်အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အစပျိုးပေးထားသည့် လက်တွေ့အသုံးကျ သင်ခန်းစာတစ်ခုဖြစ်ပါသည်။

ဇီဝဗေဒဘာသာရပ်ကို သိရှိနားလည်နိုင်ဖို့ပုံများ၊ word diagram များကလည်း အဓိကအထောက်အကူပြုတာမို့ ဇီဝဗေဒဘာသာရပ်ကို လေ့လာတဲ့အခါမှာ ပုံများ၊ word diagram များနှင့် ယှဉ်တွဲလေ့လာခြင်းက လေ့လာကျက်မှတ်ရာမှာ ပိုမိုမှတ်မိထိရောက်စေပါသည်။ အဓိကကျသည့်အကြောင်းအရာကို ဦးစားပေးနားလည်ကျက်မှတ်နိုင်ရန် ဇယား (table) များ၊ (equation)များကလည်း အထောက်အကူပြုပါသည်။ မိမိကိုယ်တိုင် သင်ခန်းစာတစ်ခုကို ဖတ်မှတ်လေ့လာသည့်အခါတွင် လိုအပ်သလိုပုံကြမ်းများ၊ word diagram များ၊ table များ၊ equation များကို မိမိစိတ်ကူးရှိသလို ရေးခြစ်ပုံဖော်မှတ်သားခြင်းကလည်း မိမိ၏တွေးခေါ်စဉ်းစားမှုကို မြှင့်တင်ပေးရာ ရောက်ပါသည်။

စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှုအရည်အသွေးရှိခြင်းဖြင့် ကိစ္စများကို မှန်မှန်ကန်ကန်ချုံ့သုံးသပ်နိုင်ခြင်း၊ သင့်လျော်မှန်ကန်ကောင်းမွန်သော ဆုံးဖြတ်ချက်ကိုချနိုင်ခြင်း၊ ထိုးထွင်းသိမြင်တီထွင်ကြံဆနိုင်ခြင်း၊ စိတ်ကူးသစ်များ ရရှိနိုင်ခြင်း စသည့် အရည်အချင်းကောင်းများပေါ်ပေါက်အောင် နှိုးဆွပေးနိုင်တဲ့အတွက် ကျောင်းသား ကျောင်းသူများ၏ဘဝအတွက် အကျိုးရှိပါသည်။ မိမိတို့၏ဘဝတစ်လျှောက် မည်သည့်ပညာရပ်ကို လေ့လာသည်ဖြစ်စေ၊ မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်သည်ဖြစ်စေ၊ မည်သည့်ကိစ္စများကို စီမံခန့်ခွဲသည်ဖြစ်စေ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု မြင့်မားသည်နှင့်အမျှ ကောင်းမွန်သောအလုပ်ပြီးမြောက်မှုနှင့် အောင်မြင်မှုများရရှိပါလိမ့်မည်။

သို့ပါ၍ ကျောင်းသား ကျောင်းသူများ (၂၀၁၉) ခုနှစ်၊ မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စနစ်တကျ ကြိုးကြိုးစားစား လေ့လာမှတ်သားလေ့ကျင့်ကြခြင်းဖြင့် ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**သနပ်ပင် ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းအား ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ ကျေးရွာ ၁၇ ရွာတွင် ဆောင်ရွက်လျက်ရှိရာ ကလိုင်၊ ကုလားချောင်းလေး၊ တောဘုတ်စု၊ မိုးခိုင်လေး၊ ရွှေလှေစု၊ ဝဲပြန်၊ အောက်တကဲ ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုမှာ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်ပြုစုရေးဆွဲထားသော စီမံကိန်းဖြစ်၍ ကျေးရွာ၏ အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိပြီး နိုင်ငံတော်၏ ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူတို့၏ ထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်သော စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# ဖြူးချောင်းရေလှောင်တမံ တူးမြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသောလယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်



**ဖြူး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှ ဆည်ရေပေးမြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသောလယ်ယာမြေများနှင့် သီးနှံစိုက်ခင်းများအတွက် နစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ဖြူးမြို့နယ်ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ဖြူးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၁) ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က အမှာစကားပြောကြားခဲ့ကြပြီး နစ်နာကြေးငွေများကို တောင်သူများအား ပေးအပ်ခဲ့ကြသည်။

ကျေးရွာအုပ်စု ၅ စုမှ တောင်သူ ၂၂၈ ဦးတို့အတွက်စုစုပေါင်းနစ်နာကြေး ငွေကျပ် ၁၆၁၄ ဒသမ ၄၆ သိန်းကို တောင်သူများအား ပေးအပ်ခဲ့သည်။

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရေလှောင်တမံ၊ ရေအားလျှပ်စစ်စက်ရုံနှင့် ရေလွှဲဆည်တို့မှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၈ ဒသမ ၆၂ ရာခိုင်နှုန်းသာ ဆောင်ရွက်ပြီးစီးသေးသဖြင့် ဆက်လက်ဆောင်ရွက်ရန်လိုအပ်နေကြောင်း၊ စီမံကိန်းများအားလုံးပြီးစီးပါက လယ်မြေဧက ၉၀၀၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်ပြီး ယခုနှစ် ဆောင်ရွက်နေသည့် တူးမြောင်းများပြီးစီးပါက စနစ်တကျမြောင်းများဖြင့် လယ်မြေဧက ၆၈၀၀၊ ဆည်ရေချောင်းပိတ်စနစ်ဖြင့် လယ်မြေဧက ၈၀၀၀ စုစုပေါင်းဧက ၁၄၈၀၀ ကို ဆည်ရေကြိုတင်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး (ဖြူး)**



## ငမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး မော်လမြိုင်ကျွန်းမြို့နယ်တွင် ပညာပေး

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၇**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖေဖော်ဝါရီ ၁၆ ရက်ထိ နွေစပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

ယခုနှစ်တွင် မော်လမြိုင်ကျွန်းမြို့နယ် လပွတ်ကွဲနှုံး တန့်ကျေးရွာအုပ်စုတွင် နွေစပါး ၁၀၂၈ ဧက၊ ကွမ်းခြံကုန်းကျေးရွာအုပ်စုတွင် ဧက ၁၉၄၀ နှင့် ကြပ်စဉ်ချောင်းကျေးရွာအုပ်စုတွင် ၁၆၁၂ ဧက စိုက်ပျိုးအောင်မြင်နေပြီး နွေစပါးများကို မတ်လဆန်းတွင် စတင်ရိတ်သိမ်းကြမည်ဖြစ်ပြီး တစ်ဧကလျှင် စပါးတင်း ၁၀၀ မှ တင်း ၁၂၀ ထိ ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

ယခုအခါ မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဌေးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် နယ်မြေအလိုက် ကွင်းဆင်းသွားရောက်ပြီး ရိတ်သိမ်းချိန်တွင် သီးနှံဖျက်ပိုးမွှားဖြစ်သော ငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကျေးရွာအုပ်စုအလိုက် ကွင်းဆင်းပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မော်ကျွန်း (မြင့်အောင်)**

## မကွေး၌ မြေနမူနာ၊ ရေနှင့်ဓာတ်မြေဩဇာဓာတ်ခွဲစမ်းသပ်မှု ၇၄၆ ကြိမ်ဆောင်ရွက်ပေး

**မကွေး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဝင်းအတွင်းရှိ မြေဆီလွှာဓာတ်ခွဲခန်းမှ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်ရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေနမူနာ၊ ရေနှင့် ဓာတ်မြေဩဇာ ဓာတ်ခွဲစမ်းသပ်မှု ၇၄၆ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စမ်းသပ်ပေး**

မြေဆီလွှာ၏ အစိုဓာတ်၊ ချဉ်ငန်ဓာတ်၊ နိုက်ထရိုဂျင်၊ ပိုတက်စီယမ်၊ မက်ဂနီစီယမ်၊ ကယ်လ်စီယမ် စသည့် ဓာတ်ခွဲမှုဆိုင်ရာစမ်းသပ်မှု ၁၃ မျိုး၊ ရေ၏ PH ချဉ်ငန်ဓာတ်နှင့် ရေပျော်ပစ္စည်းပါဝင်မှုဆိုင်ရာ စမ်းသပ်မှုခြောက်မျိုး ၊ မြေဩဇာဆိုင်ရာ အစိုဓာတ်၊ အာဟာရနှင့် ဩဂဲနစ်ဓာတ်ပါဝင်မှုဆိုင်ရာစမ်းသပ်မှုရှစ်မျိုးတို့ကို ဓာတ်ခွဲခန်းမှ စမ်းသပ်ပေးလျက်ရှိသည်။

"စမ်းသပ်စစ်ဆေးပြီးလို့ ကိုယ်လုပ်ကိုင်တဲ့ လယ်ယာမြေအခြေအနေကို သိပြီဆိုရင် လိုပြီးမသုံးဖြစ်တာတွေ၊ မလိုဘဲနဲ့ သွင်းအားစုတွေ လိုသည်ထက်ပိုသုံးမိတာတွေ ရှောင်ရှားလာနိုင်မယ်။ အကုန်အကျသက်သာလာမယ်။ အနာနဲ့ဆေး တည့်ပြီး အကျိုးစီးပွားတွေ ပိုဖြစ်လာပါလိမ့်မယ်" ဟု စိုက်ပျိုးရေးတိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းက ရှင်းပြသည်။



**အခမဲ့လုပ်ဆောင်**

၂၀၁၇ခုနှစ် စက်တင်ဘာ ၇ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ထိ မြေနမူနာစမ်းသပ်မှု ၆၂၄ ကြိမ်၊ စိုက်ပျိုးသွင်းရေစမ်းသပ်မှု ၁၉ ကြိမ်၊ တောင်သူပိုင်ယာမြေနှင့် စိုက်ပျိုးရေးဆိုင်များမှ မြေဩဇာဓာတ်ခွဲမှု ၁၀၃ ကြိမ် ဆောင်ရွက်ထားကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စစ်ဆေးခကိုသာ ဓာတ်ခွဲခန်းသုံးလုပ်ငန်းများအတွက် ရယူပြီး စီမံချက်လုပ်ငန်းများတွင် အခမဲ့စမ်းသပ်ပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းမြေဆီလွှာဓာတ်ခွဲခန်းကို အဆောက်အအုံနှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများအတွက် ငွေကျပ် ၁၃၂၅ သိန်း အသုံးပြုလည်ပတ်လျက်ရှိပြီး မြန်မာနိုင်ငံ၌ ဖွင့်လှစ်ပြီးသော ဓာတ်ခွဲခန်းရှစ်ခုရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မှ သိရသည်။

**ဇေယျာတု(မကွေး)**

တိုတိုထွာထွာဖတ်စရာ

## ရှာငံတွင် ကော်ဖီထုတ်လုပ်ခြင်းသင်တန်းဖွင့်

**ရှာငံ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ် ဗထူးခန်းမ၌ အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်ခြင်းနှင့် ရေရှည်တည်တံ့သော ကော်ဖီစိုက်ခင်းတစ်ခုဖြစ်စေရန် အပင်ပုံသွင်းခြင်းနည်းပညာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တောင်ကြီးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ကော်ဖီထုတ်လုပ်ခြင်းနှင့် ရေရှည်တည်တံ့သော ကော်ဖီစိုက်ခင်းတစ်ခုဖြစ်စေရန်အတွက် အပင်ပြုပြင်ပုံသွင်းခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကော်ဖီ-ရာသီသီးနှံဌာနခွဲ (ရုံးချုပ်) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာလင်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများကို ရှင်းလင်းပြောကြားကာ GAP guideline စာအုပ် ၁၀၀ ကို ခရိုင်ဦးစီးမှူးက ပေးအပ်သည်။

ယင်းသင်တန်းအား သင်တန်းသား ၉၅ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။ **ပြည့်ဖြိုးသန့် (ရှာငံ)**

## တောင်ဥက္ကလာတွင် မူခင်းပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန်**

တောင်ဥက္ကလာပမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခိုင်ဝင်းသည် အမှတ် (၅) ရပ်ကွက် စုပေါင်းဓမ္မာရုံ၌ မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး မူခင်းအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

# နေပြည်တော်ကောင်းစီနယ်မြေ ရေဆင်းဆည်မှ နွေစပါးဧက ၅၀၀၀ ကျော် ရေပေးဝေမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်းစီနယ်မြေ ဇေယျာသီရိမြို့နယ်တွင်ရှိသည့် ရေဆင်းဆည်မှာ ရေဆင်းချောင်းကိုပိတ်၍ ၁၉၇၆ ခုနှစ်က စတင်တည်ဆောက်ထားသော ဆည်ဖြစ်သည်။ရေဆင်းဆည်မှာ နှစ်စဉ်နွေစပါး၊ မိုးစပါး ဧက ၈၉၄၀ ရေပေးဝေပြီး ၃၆ စတုရန်းမိုင် ကျယ်ဝန်းသည်။

တမံအမျိုးအစား မြေသားတမံဖြစ်သည်။ တမံအမြင့် ပေ ၁၁၀၊ တမံအလျားပေ ၈၁၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၇၃၀၀၀ ဧကပေ၊ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်သည်။ ရေထုတ်ပြွန်အရွယ်အစားမှာ ခုနစ်ပေ အချင်းကွန်ကရစ်ဖြစ်သည်။ ရေထုတ်ပြွန်အလျားပေ ၅၄၀ ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်သည်။ တူးမြောင်းမကြီးနှစ်ခုမှာ ၅ ဒသမ ၂၄ မိုင် ဖြစ်သည်။ လက်တံမြောင်းလေးခုရှိပြီး ၆၅ ဒသမ ၂၄ မိုင် ဖြစ်သည်။ ဆည်ရေသောက် ဧရိယာမှာ ၈၉၄၀ ဧက ဖြစ်သည်။

ရေဆင်းဆည်မှ နှစ်စဉ်နွေစပါး၊ မိုးစပါးများ ရေပေးဝေလျက်ရှိရာ ယခုနှစ် နွေစပါးစိုက်ပျိုးရန် ၄၆၅၀ ဧကကို ရေပေးဝေပြီးဖြစ်သည်။ ရေဆင်းဆည်မှ ရေသောက်ဧရိယာတစ်ခုလုံး နွေစပါး ၅၀၇၂ ဧကကို ရေအလုံအလောက် မတ်လတွင် အားလုံးပြည့်မီအောင် ရေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဆင်းဆည်သည် စိုက်ပျိုးရေအပြင် မြို့သုံးရေအဖြစ် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် တက္ကသိုလ်သုံးခုတို့အား ရေပေးဝေနေခြင်းဖြစ်သောကြောင့် နေပြည်တော်တွင် အလွန်အရေးပါသည့် ဆည်ကြီးတစ်ခုဖြစ်သည်။ **တင်လှိုင် (မိတ္ထီလာ)**

# ရွှေနန်းသွင်းစေတီတော်တွင် ထမနဲပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်




**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်း လက်လုပ်တောင်တောရတွင် တည်ထားကိုးကွယ်တော်မူသည့် ရှေးဟောင်းသမိုင်းဝင် ရွှေနန်းသွင်းစေတီတော်မြတ်ကြီးတွင် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ နှစ်စဉ်တရားစခန်းများကို ကျင်းပလျက်ရှိပြီး ပိတ်သိမ်းပွဲဖြစ်သည့် တပို့တွဲလပြည့်နေ့ နံနက် ၇ နာရီတွင် (၂၄) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌ ပင့်သံဃာတော် ၆၄ ပါးအား လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

တရားစခန်းပိတ်သိမ်းပွဲ၌ ပင့်သံဃာ ၆၄ ပါးတို့အား တပည့် ဒါယကာ၊ ဒါယိကာမများက ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် (၂၄)ကြိမ်မြောက် ထမနဲထိုးပွဲကို ကျင်းပမည့်အပြင် ရွှေနန်းသွင်းစေတီတော်ကိုလည်း ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာကို နံနက် ၅ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ဆီမီး (၁၀၀၀) ပူဇော်ခြင်းနှင့် ခင်ပွန်းကြီး (၁၀)ပါး တောင်းပန်ကန်တော့ခြင်းကို ည ၇ နာရီတွင်လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သဖြင့် မည်သူမဆို ပါဝင်ကုသိုလ်ယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ “သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေး” ဆွေးနွေးပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ “သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေး” ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ Green Hill Hotel ၌ ကျင်းပသည်။




အခမ်းအနားတွင် သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေး သဘာပတိ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာမျိုးသန့်တင်က အဖွင့်အမှာစကား ပြောကြားပြီး သတင်းမီဒီယာဥပဒေ စတင်ပြင်ဆင်ခဲ့မှုများကို အကျဉ်းချုပ်ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သတင်း မီဒီယာ ဥပဒေပြင်ဆင်ရေးဆွေးနွေးပွဲ ပထမပိုင်းကို စတင်ပြုလုပ်ရာ ပြင်ဆင်ရမည့် သတင်းမီဒီယာဥပဒေများကို အခန်းလိုက် ဆွေးနွေးတင်ပြကြပြီး သတင်းမီဒီယာဥပဒေ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း (၂) ရည်ရွယ်ချက်များ၊ အခန်း(၃) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲ ဒုတိယပိုင်းကို ပြုလုပ်ရာ သတင်းမီဒီယာဥပဒေအခန်း (၄) သတင်းမီဒီယာများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များ၊ အခန်း (၅) သတင်းမီဒီယာ လုပ်ငန်း ထူထောင်ခြင်း၊ အခန်း (၆) ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၇) ရန်ပုံငွေနှင့် ထောက်ပံ့ရေး၊ အခန်း (၈) အရေးယူခြင်း၊ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း (၁၀) အထွေထွေ စသည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ၊ ဥပဒေပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သတင်းမီဒီယာသမားများ၊ သတင်းမီဒီယာအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြပြီး သတင်းမီဒီယာဥပဒေ ပြင်ဆင်ရေးအတွက် ဆွေးနွေးကြသည်။

တရားလွှတ်တော် ရှေ့နေ ဦးကြီးမြင့်က “အခုလို သတင်းမီဒီယာကောင်စီ ဥပဒေကိုပြန်လည်သုံးသပ်တာကောင်းပါတယ်။ စတုတ္ထမဏ္ဍိုင် အားကောင်းရေးအတွက် အဓိကကျတဲ့ ဥပဒေကို အကောင်းဆုံးဖြစ်အောင်ပြန်လုပ်နေတဲ့ အပေါ်မှာ ပါဝင်ပေးတာပါ။ စတုတ္ထမဏ္ဍိုင်ဆိုတာ လွတ်လပ်ဖို့ အရေးကြီးပါတယ်” ဟုပြောသည်။

သတင်းမီဒီယာဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ယနေ့ဆွေးနွေးပွဲမှ ရရှိသည့် အကြံပြုဆွေးနွေးချက်များအပြင် ထပ်မံအကြံပြုဆွေးနွေးချက်များရှိပါက ယနေ့မှစ၍ ၁၀ ရက်အတွင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ပေးပို့နိုင်ကြောင်း သိရသည်။

ယနေ့ ဆွေးနွေးပွဲသည် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်က ပြဋ္ဌာန်းအတည်ပြုပြီးဖြစ်သော သတင်းမီဒီယာဥပဒေများကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များက ယခုလအတွင်း အစည်းအဝေးများ ပြုလုပ်ခဲ့ပြီး ပြင်ဆင်ထားသော သတင်းမီဒီယာဥပဒေ(မူကြမ်း)ကို ဖြည့်စွက်ဆွေးနွေးနိုင်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

# ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာ စာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ် အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေး စသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန် စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဖေဖော်ဝါရီလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်မြို့နယ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်သူ ဖမ်းမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဦးစီး ရဲအုပ်ထွန်းနိုင်၊ လှိုင်မြို့မ ဒုစခန်းမှူး ရဲအုပ် လှဝင်း၊ လှိုင်မြို့မ ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ဝေဇင်ဦး ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် အင်းစိန်လမ်းမကြီးတိုက်(၁) တွင် ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီရောင်းချရာတွင် အသုံးပြုသော ဘောက်ချာများ၊ လောင်းကြေးငွေစက္ကူများနှင့်အတူ ဦးအောင်စိုး(ခ) လိုင်ကြည်မှုအား တွေ့ရှိ ဖမ်းဆီးရမိသဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လှိုင်မြို့မရဲစခန်း**

# စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စာအုပ်စာပေ ချစ်မြတ်နိုးသူများအသင်း (Book Club) မှစီစဉ်သည့် စာဖတ်ဝိုင်းကို ဆရာအောင်သင်း ရေးသားသည့် ခေတ်သစ်ကမ္ဘာအတွက် ပညာရေးနှင့် စာရိတ္တပျိုးထောင်မှုစာအုပ်နှင့် ဆရာအောင်အေး (ရန်ကုန်တက္ကသိုလ်) ရေးသားသည့် ဆရာတစ်ယောက်အဖြစ် ခေါင်းဆောင်ခြင်း စာအုပ်နှစ်အုပ်ကို ဖတ်ရှု၍ စာဖတ်ဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မန္တလေးခရိုင် စာအုပ်စာပေ ချစ်မြတ်နိုးသူများ အသင်းဥက္ကဋ္ဌ ဆရာအနီမောင်က စာအုပ်နှစ်အုပ်အတွက် စာဖတ်ဝိုင်းကျင်းပရခြင်းနှင့် စာအုပ်ဖတ်ရှု၍ ရရှိသည့် အသိပညာများကို မျှဝေပေးသည်။

ဆက်လက်၍ ဆရာမ ခင်ခင်ဝင်း(ပညာရေး) ဆရာမ ခင်လေးငယ်၊ ဆရာအိုးဝေ(မြေနီကျင်း)၊ ဆရာရွှေညာဏ်ဇော်၊ ဆရာထိုက်မောင်၊ ဆရာဝေမင်းသန့် (မန်းကျည်းဗုဒ်) တို့က စာအုပ်ပေါ်မှ ရရှိသည့် ဗဟုသုတများကို ပြန်လည်မျှဝေသည်။ အဆိုပါစာဖတ်ဝိုင်းသို့ စာရေးဆရာများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးအတွက် ၁၀၇ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သိန်းအေးနှင့်အဖွဲ့က သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောစဉ်။

**ကြေးမုံ**

# နှစ် ၈၀ ပြည့် ၁၃၀၀ ပြည့်အရေးတော်ပုံဟာ မြန်မာ့သမိုင်းမှာ သင်ခန်းစာယူစရာပါ

**ဆူးငှက်**

ဒီနှစ် ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၇ ရက်နေ့ဟာ မန္တလေးမှ ရဟန်းရှင်လူ ကျောင်းသားပြည်သူ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့တဲ့ ၁၃၀၀ပြည့် အရေးတော်ပုံကြီး နှစ် ၈၀ တင်းတင်းပြည့်တဲ့ နေ့ဖြစ်ပါတယ်။




## ပြည်သူတို့ညီညွတ်မှုထုထည်

တကယ်တော့ မန္တလေးအာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရတဲ့ကိစ္စဟာ ၁၃၀၀ ပြည့်အရေးတော်ပုံကြီး အရှိန်အဟုန်ကောင်းပြီး အလုပ်သမား၊ လယ်သမား၊ ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတို့ ညီညွတ်မှုထုထည်ခိုင်မာလွန်းလို့ အုပ်စိုးသူအာဏာပိုင်ရဲ့ ကြောက်လန့်တကြား သွေးရူးသွေးတန်းတုံ့ပြန်မှု ပြယုဂ်တစ်ခုပါပဲ။ အုပ်စိုးသူတွေဟာ အအုပ်စိုးခံ၊ အဖိနှိပ်ခံတွေရဲ့ ညီညွတ်သောပေါင်းစည်းအားနဲ့ ခုခံမှုတိုင်းမှာ လက်နက်အားကိုးပြီး အမှားမှားအယွင်းယွင်း ဆုံးဖြတ်လုပ်ကိုင်တတ်စမြဲပါပဲ။ နောက်ဆုံး သူတို့ထွက်ပေါက်ဟာ အပ်တိုတစ်ချောင်းမျှမပါတဲ့ ပြည်သူလူထုအပေါ် လက်နက်နဲ့ပဲ ဖြေရှင်းတဲ့နည်းလမ်းကို ကျင့်သုံးကြတာပါပဲ။ ဒါဟာ အုပ်စိုးသူတွေရဲ့ကျဆုံးခြင်းအမှတ်လက္ခဏာ၊ အားနည်းပြိုကွဲခြင်းအမှတ်လက္ခဏာတွေပါ။

## ၁၃၀၀ ပြည့်အရေးတော်ပုံဆိုတာ

၁၃၀၀ ပြည့်အရေးတော်ပုံဆိုတာကလည်း ဦးဖွဖြစ်စေတော့ဆိုပြီး မန်းမှုတ်လို့ဖြစ်စေ၊ အခါအခွင့်သင့်စန်းလာဂ် နက္ခတ်သင့်ပြီလို့ အခါပေးလို့ဖြစ်စေ မိုးပေါ်ကကျလာတာမျိုးလည်း မဟုတ်ပါဘူး။ အုပ်စိုးသူအရင်းရှင်၊ အာဏာရှင်ဟာ သူတို့စရိုက်လက္ခဏာအတိုင်း ဖိနှိပ်မယ်၊ ကွပ်ညှပ်မယ်၊ စော်ကားမယ်။ ဒီတော့ အများစုသော အောက်ခြေလူထုမှာပင် မခံရပ်နိုင်တဲ့ အခြေအနေမျိုးရောက်လာရင် မကျေနပ်မှု၊ ခံပြင်းမှုတွေဟာ ကိုယ်စီကိုယ်စီမှာပင် အားကောင်းပြည့်လျှံလာကြမှာပါပဲ။ ဒီကိုယ်စီကိုယ်စီရဲ့ လက်သီးဆုပ်တွေဟာ စုစည်းညီညွတ်၊ ပေါင်းဆုံကြတာပါပဲ။ ၁၉၃၈ ခုနှစ်ဝန်းကျင် မြန်မာ့အဖိုးတန်သယံဇာတဖြစ်တဲ့ ရေနံမြေမှာ ရေနံစွမ်းအင်တွေ ဒလဟောထုတ်ယူနေကြပေမယ့် ရေနံအလုပ်သမားတွေမှာ အလင်းရောင်နဲ့ လောင်စာအတွက်ပင် ရေနံမသုံးရလောက်အောင် မတရားအနိုင်ကျင့်ခံနေကြရတာဟာ ဘယ်သူမခံပြင်း ဒေါသမဖြစ်ဘဲ နေပါ့မလဲ။ ဒီထက်ဆိုးတာက ဒီလောက် ဖိနှိပ်မှုပြင်းထန်၊ မတရားအနိုင်ကျင့်ခံနေရချိန် အုပ်စိုးသူအပေါ် ကျရောက်လာမယ့် တစ်ပြည်လုံးကဒေါသတွေကိုလည်း လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းတွေနဲ့ လမ်းလွှဲလိုက်တာတွေကလည်း ဒီကောက်ကျစ်ယုတ်မာမှုအတွက် အဖြစ်မှန်သိကြရတဲ့အခါ တက္ကသိုလ်ကျောင်းသား ပညာတတ်များကအစ ပေါက်ကွဲကြတာပါပဲ။

## မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေ့မယ်

အုပ်စိုးသူ အာဏာရှင်ဟာ အခြေခံလုပ်ဆောင်မှုများယွင်းတာနဲ့အမျှ ဆက်လက်ပြီး ဆုံးဖြတ်မှု၊ ကိုင်တွယ်မှု၊ ဖြေရှင်းမှုတွေ ဆက်တိုက်မှားယွင်းတာလည်း ဓမ္မတာပါပဲ။ တစ်ပြိုင်နက် အုပ်ချုပ်မှုယန္တရားတွေလည်း ပျက်ယွင်းလွဲချော်လာတယ်။ ဒီရလဒ်က အရာရာကို ဥပဒေမဲ့ အာဏာနဲ့ အကျပ်ကိုင်ခြင်းပါပဲ။ ဒါကြောင့် ချောက်ရေနံမြေအလုပ်သမားထုကြီးက အာဏာပိုင်တွေရဲ့အုပ်ချုပ်မှုရုံးစိုက်ရာ ရန်ကုန်အထိ ခြေကျင်ချီတက်ပြီး ဆန္ဒပြမယ်။ ဒါကိုအာဏာပိုင်က ဖိနှိပ်မယ်။ ဒီဖိနှိပ်မှုကို ကျောင်းသားသမဂ္ဂရဲ့ တာဝန်ရှိသူတွေက ဦးဆောင်ပြီး ကန့်ကွက်မယ်။ သေချာပါပြီ။ အာဏာပိုင်ဟာ ဒီအကျပ်အတည်းကို လက်နက်နဲ့ ဖြေရှင်းတော့မယ်။ ဒီလမ်းကြောင်းကို ကြိုသိတဲ့ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းက ရေနံမြေသပိတ်တပ်ကြီး တပ်ဦးကနေ .မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေ့မယ်လို့ ရဲရဲတောက် ကြွေးကြော်ခဲ့တာမဟုတ်ပါလား။ ထင်တဲ့အတိုင်းပါပဲ။ ရန်ကုန်အတွင်းဝန်ရုံးကိုဝန်းပတ်အာဏာဖီဆန်ကြတဲ့ ကျောင်းသားထုကို ပုလိပ်က မြင်းစီးတပ်နဲ့ ရိုက်နှက်လူစုခွဲစေလို့ ကျောင်းသားကိုအောင်ကျော် ကျဆုံးခဲ့ပါတယ်။ ဒီစနက်တံတွေ ယမ်းမီးစတွေစုစည်းမိတာနှင့် ပေါက်ကွဲပြီး တစ်ပြည်လုံး အထွေထွေသပိတ်ကြီး ပေါ်ပေါက်ခဲ့တာပါပဲ။ ကိုဗဟိန်းပြောသလို မီးဟုန်းဟုန်း တောက်ခဲ့တာပါပဲ။

## အိမ်တော်ရာဘုရား ၁၄ ခန်းဇရပ်မှာ စုဝေး

မန္တလေးမှာတော့ ဘာသာရေးအဓိကရုဏ်းကို အကြောင်းပြုပြီး စျေးချိုတော်မှာ ပုဒ်မ ၂၃(၇) ထုတ်ပြန်တာမကျေနပ်လို့ စျေးသူစျေးသားတွေက ၁၃၀၀ ပြည့်နှစ်တန်ဆောင်မုန်းလပြည့်ကျော်၅ ရက် (၁၉၃၈ ခုနိုဝင်ဘာ ၁၁ ရက်) မှာ အိမ်တော်ရာဘုရားဝင်းထဲ စျေးသွားဖွင့်ပြီး သပိတ်မှောက်ကြတယ်။ တစ်ပြိုင်နက်ထဲပဲ ဗဟိုအမျိုးသားကျောင်းနဲ့ ရဟန်းပျိုအဖွဲ့က မန္တလေးမှာ အုပ်စိုးသူရဲ့မတရားတဲ့ဥပဒေပုဒ်မတွေကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ ဆောင်ရွက်ကြတယ်။ ဒါကြောင့် ၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၆ ရက် (၁၉၃၉ ခု၊ ဖေဖော်ဝါရီလ ၉ ရက်)နေ့မှာ အိမ်တော်ရာဘုရားဝင်းအတွင်း ၁၄ ခန်းဇရပ်မှာ စုဝေးပြီး ငြိမ်းချမ်းစွာ ဆန္ဒပြရေးအစီအစဉ် ပြုလုပ်ကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် နောက်ရက် တပို့တွဲလပြည့်ကျော် ၇ ရက် (ဖော်ဖော်ဝါရီ ၁၀ ရက်) နေ့မှာ မန္တလေးတစ်မြို့လုံး လူထုပရိသတ်တွေက အိမ်တော်ရာ ၁၄ ခန်းဇရပ်မှာပဲ ပြန်စုဝေးကြပြီး ရဟန်းပျိုအဖွဲ့ကြီးကြပ်မှုနဲ့ စနစ်တကျစီတန်းကာ ဆန္ဒပြခဲ့ကြတာပါပဲ။ အိမ်တော်ရာဘုရားမြောက်ဘက်မုခ်ကထွက် ၂၆ ဘီလမ်းရောက်တော့ အရှေ့ဘက်တက်၊ နာရီစင်ကိုကျော်ပြီး ကျုံးနံဘေးက ပုလိပ်မင်းကြီးရုံး (ယခုစည်ပင်သာယာရေးကော်မတီရုံး) ဆီ ချီတက်ကြတော့ ၂၆ ဘီလမ်း၊ လမ်း ၈၀ နဲ့ ၈၁ လမ်းကြား ကြေးနန်းရုံးတောင်ပေါက် (ယခုဆက်သွယ်ရေးရုံးတောင်ပေါက်)မှာ ပုလိပ်အဖွဲ့ကတားဆီးပြီး သေနတ်နဲ့ပစ်ခတ် လူစုခွဲခဲ့တာပါ။ ပစ်ခတ်မှုကြောင့် နောက်ဆုတ်သွားတဲ့လူထုကို အင်ပီရီယယ်ဘဏ်ရှေ့ (ယခု ဟောင်ကောင်စတိုး၊ ၂၆ ဘီလမ်းနဲ့ ၈၁ လမ်းထောင့်) မှာ တစ်ကြိမ်နှင့် ရိုးကုမ္ပဏီတိုက်ရှေ့ (ယခု ဘဏ် ၁)ရှေ့မှာတစ်ကြိမ် ထပ်မံပစ်ခတ်ဖြိုခွင်းတာကြောင့် ၂၆ ဘီလမ်းပေါ်မှာတင် ရဟန်း၊ ကျောင်းသားပြည်သူ ၁၆ ဦးတိတိ ကျဆုံးခဲ့တယ်။ ဒဏ်ရာရသူတွေထဲက ရဟန်းတော်တစ်ပါးလည်း ဈာပနချတဲ့နေ့ (တပို့တွဲလကွယ်နေ့) မှ ထပ်မံပျံလွန်တော်မူခဲ့ပါတယ်။

## မြန်မာ့လွတ်လပ်ရေးအတွက် အရေးကြီးတဲ့အခန်းကဏ္ဍ

ဒီလိုသွေးမြေကျမှုတွေနောက်ပိုင်း အင်္ဂလိပ်အစိုးရရဲ့ ရုပ်သေး ဒေါက်တာဘမော်အစိုးရလည်း ပြုတ်ကျခဲ့တယ်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေမှာလည်း အင်အားချိန်ခွင်လျှာတွေ ပြောင်းလဲကုန်ပြီး အင်္ဂလိပ်အစိုးရရဲ့ အင်အားတွေ ချည့်နဲ့သွားပါပြီ။ တကယ်တော့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးဟာ မြန်မာ့လွတ်လပ်ရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။

ဖိရင်ကြွ ထိရင်ချ
အနှစ်နှစ် အလလ၊ ခံစားချက်
နှလုံးသားကိုယ်စီ၊ အသားမာတက်၊
သံမဏိထက်မာ၊ ဓားသွားထက်မာ
လာ... လက်ချင်းဆက်၊ လာ... ဒို့ တွဲလက်
ရင်ထက်မီးလျှံ၊ ပေဖြစ်သော်လည်းမခံ
အံကိုကြိတ်၊ မျက်မှောင်ကြုတ်
လက်သီးကိုဆုပ်လက်ချင်းဆက်၊ လက်ချင်းဆုပ်
လက်သီးဆုပ် ကုဋေကုဋာ
မုန်တိုင်းထန်ခဲ့တာ..... လို့ ပြောဆိုရမှာပါ။

တကယ်တော့အရေးတော်ပုံတိုင်းဟာ...
ခုခံသူတို့ မျိုးဆက်အမွေ
စွန့်လွှတ်သူတို့ မျိုးဆက်အမွေ
တော်လှန်သူတို့ မျိုးဆက်အမွေ
အာဇာနည်တို့ မျိုးဆက်အမွေတွေပါပဲ။

## ဆယ်စုနှစ်အလီလီကြာလာတော့

လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်မီးကြီးတောက်လောင်၊ ညီညွတ်ရေးတွေပြိုကွဲ၊ တိုင်းပြည်ကလည်း ဆင်းရဲတွင်းနစ်တော့တာပါပဲ။ အတိတ်သမိုင်းမှာ အုပ်စိုးသူဟာ ဘယ်လိုပဲပြောင်းလဲပါစေ။ တစ်ဖက်သတ် ဖိနှိပ်တာချည်းမို့ အလုပ်သမားလည်း အလုပ်သမားမို့၊ လယ်သမားလည်း လယ်သမားမို့၊ ကျောင်းသားလည်း ကျောင်းသားမို့ နောက်ဆုံးကုန်ကုန်ပြောရရင် ရဟန်းသံဃာကိုပင် ဖိနှိပ်မှုအောက်က မကင်းလွတ်နိုင်ခဲ့တဲ့နောက် ဖိနှိပ်မှုရဲ့အဆုံး အရာရာလက်နက်နဲ့ပဲ ဖြေရှင်းစခန်းသွားခဲ့တာပါ။ ဒါကြောင့် အုပ်ချုပ်မှုယန္တရားတွေ ပျက်စီးပြီး တရားစီရင်ရေးက ယိုင်နဲ့ပြိုလဲ၊ ဥပဒေဆိုတာလည်း အုပ်ချုပ်သူ အကျိုးစီးပွားကာကွယ်ဖို့ အပေါက်ဖာ၊ ဂဟေတို့သာသာအဆင့်၊ ဒီအထဲ သတင်းပိတ်ပင်မှု၊ သတင်းအမှောင်ချမှုတွေ၊ မပြောရဲမဆိုရဲအောင် ကွပ်ညှပ်မှုတွေနဲ့ မတရားအဓမ္မမှုတွေဟာ ဆယ်စုနှစ်အလီလီကြာလာတော့ အထွေထွေမကျေနပ်မှုကြီးတွေ ကိုယ်စီငယ်ထိပ်ရောက်လာချိန်မှ ၁၉၈၈ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ပေါက်လာရတော့တာပါပဲ။

## သမိုင်းမှာသင်ခန်းစာယူစရာ

ဒါကြောင့် လွတ်လပ်ရေးအတွက် ၁၃၀၀ ပြည့် အရေးတော်ပုံနဲ့ ၈၈ ဒီမိုကရေစီအရေးတော်ပုံတွေဟာ မြန်မာ့သမိုင်းမှာ သင်ခန်းစာယူစရာတွေပါ။

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ လူ့အခွင့်အရေးတွေဆုံးရှုံး၊ လက်နက်အားကိုးမတရားအနိုင်ကျင့်မှုတွေ ဆက်လက်တည်ရှိ၊ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်လမ်းကြောင်းက သွေဖည်မယ်ဆိုရင် အရေးတော်ပုံဆိုတာ တားဆီးပိတ်ပင်လို့ မရစကောင်းပါဘူး။

❑



# ထူပါရုံကို ဖူးခဲ့သည်

■ မြင့်စိုး (နတလ)

**ဝေန်တံတား (လေးမျက်နှာ)**

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်း၌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့ရှိ လေးမျက်နှာ-ခတ္တူ-ပန်းတောကြီးလမ်းပေါ်မှာ ဝေန်တံတား (လေးမျက်နှာ) ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ယင်းအခမ်းအနားသို့ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအပြင် ဒေသခံပြည်သူများ တစ်ခဲနက်ပါဝင်တက်ရောက်၍ သူတို့နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ကြရသော မြစ်ကူးတံတားကြီးတစ်စင်း ပေါ်ပေါက်လာမှုအပေါ် ဝမ်းမြောက်ဝမ်းသာပီတိ ဖြာခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားသတင်းကို ပြန်ကြားရေးဝန်ကြီးဌာနက ပြည့်ပြည့်စုံစုံ ခမ်းနားထည်ဝါစွာ ထုတ်ပြန်ပေးသကဲ့သို့ ယင်းမတိုင်မီကပင် လေးမျက်နှာဇာတိဖွားလှိုင်အေး (လေးမျက်နှာ) နှင့် ဝေန်ရော Page မှလည်းကောင်း၊ လေးမျက်နှာမြို့နယ်အသင်းမှ နောင်တော်ကြီး ဦးကျော်မြင့်ကလည်းကောင်း၊ ညီတော်မောင်သန်းဦး (လေးမျက်နှာ)ကလည်းကောင်း၊ ဝေန်တံတားအကြောင်း၊ လေးမျက်နှာမြို့လေးအကြောင်း၊ စာပန်းချီခြယ်၍တစ်မျိုး၊ ကဗျာတစ်လီသီ၍ တစ်သွယ်ရေးသား ဖွဲ့ဆိုထားကြပေရာ အဝေးရောက်လေးမျက်နှာနယ်သူနယ်သားအားလုံး အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရခဲ့ကြသည်။ အစ်ကိုကြီးကျော်မြင့်၏ ကဗျာလေးတစ်ပုဒ် ကျွန်တော်ကြိုက်သည်။ အိပ်မက်တံတား၊ လိုက်မလားချစ်သူ၊ ဒို့အတူတူမက်ခဲ့ဖူးတယ်လေ၊ ဝေန်ကိုတံတားထိုး၊ ဟိုအဝေးကြီးကို သွားမယ်၊ ခုတကယ်အဟုတ် လက်တွဲမဖြုတ်စတမ်း၊ ခမ်းနားထည်ဝါတဲ့ တံတားထက်၊ ရှေ့ဆက်လက်တွဲလျှောက်ကြမယ်တဲ့လေ။ ညီတော်မောင် သန်းဦး(လေးမျက်နှာ)ကလည်း အခုလို အားပါးတရဖော်ပြထားသည်။

သည်တံတားကြီးတည်ဆောက်ပေးခြင်းဖြင့် ဝေန်မြစ်အနောက်ဘက်ခြမ်းဒေသ ကျေးရွာအုပ်စု ၂၂ အုပ်စု၊ ကျေးရွာပေါင်း ၁၄၁ ရွာမှပြည်သူ၆၂၀၀၀ ကျော်၊ ဝေန်မြစ်အရှေ့ဘက်ခြမ်းဒေသ၊ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးကွက်၊ ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ကျေးရွာပေါင်း ၁၄၃ ရွာမှ ပြည်သူ ၄၇၀၀၀ ကျော်တို့သည် ဒေသထွက်ကုန်ဆန်စပါးအပါအဝင် ကောက်ပဲသီးနှံများကို ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်ကြတော့မည်။ အရှေ့နှင့်အနောက် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ခြင်းဖြင့် ဒေသ၏ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝအခြေအနေများ မြင့်မားတိုးတက်လာမည် စသဖြင့် ကျွန်တော်တစ်ခုပဲ ဖြည့်၍ပြောချင်ပါသည်။ ဝေန်တံတား(လေးမျက်နှာ) ပေါ်မှနေ၍ မြစ်အနောက်ခြမ်း ခတ္တူရပ်ကွက်၊ ဝေန်မြစ်ကမ်းနဖူးတွင် တင့်တယ်သပ္ပာယ်စွာ စံနေတော်မူသော ထူပါရုံစေတီတော်မြတ်ကြီးရှိရာကို လှမ်းကာ ဦးခိုက်ဖူးမြော်နိုင်ပါသေးသည်ဟူ၍။

**နှစ် ၅၀ ကျော်က ဖူးခဲ့ရသော ထူပါရုံစေတီတော်**

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်၊ ကျွန်တော် မူလတန်းကျောင်းသားဘဝကတည်းက ဖူးမြော်ခဲ့ဖူးသော ထူပါရုံစေတီတော်၊ ထိုအချိန်ကတော့ လေးမျက်နှာမြို့ဟောင်းလို့ခေါ်ဆိုနိုင်သည့် လေးမျက်နှာမြို့လေးသည် ဝေန်မြစ်အနောက်ဘက်ကမ်းမှာ ခုံကြီး၊ မြို့မ၊ ခတ္တူတည်းဟူသော ရပ်ကွက်ကြီးသုံးခုဖြင့် တည်တည်ငြိမ်ငြိမ်ရှိနေဆဲကာလမို့ ကမ်းပြိုခြင်းမရှိသေးသော ဘုရားပရိဝုဏ်မှာ ဦးဘစိုးမွှာရုံ၊ ဦးလှဘော်တန်ဆောင်း၊ တာဝတိံသာဘုရားဆင်းတန်ဆောင်း၊ ဗုဒ္ဓဝိဟာရပြတိုက်၊ အာရုံခံတန်ဆောင်း၊ ဝေဠုဝန်သိမ်ကျောင်းတို့ဖြင့် ခမ်းနားထည်ဝါလို့ နေပေသည်။ ထို့အပြင် ဆွမ်းချက်ကျောင်းတော်ကြီးအပါအဝင် အခြားသော ဇရပ်များစွာနှင့် ပေ ၅၀၀ ကျော်ရှည်သော နတ်လမ်း၊ နတ်လမ်း ဝဲ၊ ယာက ဈေးဆိုင်ခန်းများဖြင့် အထူးစည်ကားများပြားခဲ့ဖူးသည်ကို တွေ့မြင်ခဲ့ရသည်။

ငယ်စဉ်ကတော့ ကလေးဘဝအသိဖြင့် တာဝတိံသာဘုရားဆင်းပွဲဟု မှတ်ယူခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပျော်ပွဲရွှင်ပွဲများကိုမူ နတ်တော်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်ထိ ဆက်လက်ပြုလုပ်ခဲ့ကြသည်။ ဓမ္မပူဇာအနေဖြင့် ညစဉ်တရားပွဲများ ကျင်းပရာ၌ တိပိဋကမင်းကွန်းဆရာတော်ကြီး၊ တိပိဋက ရေစကြိုဆရာတော်ကြီး၊ တိပိဋက ယောဆရာတော်ကြီး၊ သပိတ်အိုင်ဆရာတော်ကြီးများအပါအဝင် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ ကြွရောက်တော်မူ၍ တရားချီးမြှင့်ခဲ့ဖူးကြောင်း၊ ပျော်ပွဲရွှင်ပွဲများတွင်လည်း နာမည်ကျော်ဦးဖိုးစိန်ကြီး၊ ဦးအောင်မောင်း အစရှိသည့် မင်းသားကြီးများ အပါအဝင် ရွှေမန်းဦးတင်မောင်၊ ဦးစိန်အောင်မင်း၊ တိုင်းချစ်ဦးသန်းစိန်၊ ဦးစိန်မာဒင်၊ ပန်တျာဦးကြည်လင်၊ ဘောလုံးစိန်၊ တိုင်းချစ်ဦးတင်ငွေ၊ စိန်မြသန်း၊ ဆပ်ကပ်ဦးမောင်မောင်အဖွဲ့များအပြင် ရွှေလိပ်ပြာအငြိမ့်၊ ကောလိပ်မြိုင်အငြိမ့်တို့ လာရောက်ကပြဖျော်ဖြေခဲ့ဖူးကြောင်း သိရသည်။ ကျွန်တော်ကတော့ ဦးစိန်အောင်မင်း၊ တိုင်းချစ်သန်းစိန်၊ ဦးစိန်မာဒင်၊ ပန်တျာ ဦးကြည်လင်တို့ကို ကြည့်ဖူးကြောင်း အမှတ်ရနေပါသည်။

**စတုမုခ ထူပါရုံစေတီတော်သမိုင်း**

မြန်မာသက္ကရာဇ် ၄၂၀ ပြည့်နှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက ဉာဏ်တော် ၄၅ တောင်ဖြင့် စတင်တည်ထားခဲ့ပြီး ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်များ၌ ပျက်စီးယိုယွင်းလာကာ ချုံနွယ်ပိတ်ပေါင်းများအောက်သို့ ရောက်ရှိခဲ့ရသည်။ အလောင်းမင်းတရားလက်ထက် ၁၁၁၅ ခုနှစ်တွင် စေတီပျက်အားငုံလျက် ဉာဏ်တော် ၇၅ တောင်အမြင့်ဖြင့် အသစ်တစ်ဖန်တည်ထားခဲ့ပြီး မုခ်ပေါက်ပါ အရန်စေတီလေးဆူကိုပါ ထည့်သွင်းတည်ထား၍ စတုမုခဘွဲ့တော် အမည်ခေါ်ဆိုသမုတ်ခဲ့ပါသည်။ နောင်နှစ်ပေါင်း ၅၀ ကျော် ၁၁၆၅ ခုနှစ်တွင် မြန်မာဘုရင်၏ ပဲ့နင်းကြီး သမန္တကစေတီတော်ကြီးကို ပြန်လည်မွမ်းမံခြင်း၊ ဗုဒ္ဓဓာတ်တော်များနှင့် အရန်စေတီအချို့ကိုပါ ထပ်မံတည်ထားကိုးကွယ်ခြင်းတို့ကြောင့် စတုမုခ ထူပါရုံစေတီတော်ဟူ၍ လူသိများ ထင်ရှားကျော်ကြားခဲ့ပါသည်။ ၁၉၆၅ ခုနှစ်ခန့်က လေးမျက်နှာမြို့လေးသည် ရပ်ကွက်သုံးခုတွင် အိမ်ခြေ ၂၀၀၀ ကျော်ဖြင့် အလွန်စည်ကားခဲ့ပြီး မြို့သူမြို့သားများသည် ငါးပြားအသင်းဖွဲ့လျက် လူတစ်ဦးတစ်နေ့ငါးပြားစုဆောင်းကာ စေတီတော်ကြီး၏ ပန်းတင်ခုံကွက်လပ်များ၌ စေတီရံ ၁၇ ဆူကို ယနေ့တိုင် ဖူးတွေ့နိုင်ပါသည်။

အရှေ့ဘက်စေတီရံ လိုဏ်အတွင်းမှ မတ်ရပ်ကျောက်ဆင်းတုကိုယ်တော်သည် ဆုတောင်းပြည့်ဘုရားအဖြစ် လူသိများပါသည်။ စေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူပွဲများ ကျင်းပပြုလုပ်ခဲ့ရာ ၁၃၃၀ ပြည့်နှစ်တွင် ဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်ဒွေး ဦးစီးလျက် ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့်အတူ ထီးတော်သစ်တင်လှူခဲ့ရာ မင်းကွန်းတိပိဋကဆရာတော်ကြီး ကြွရောက်တော်မူခဲ့သည်။ ၁၃၅၀ ပြည့်နှစ် ဂေါပကဥက္ကဋ္ဌ ဦးကျင်ပျိုလက်ထက်တွင် တစ်ကြိမ်တင်လှူခဲ့ပြီး ယခုဖူးတွေ့ရသည့် စတီးထီးတော်ကြီးကိုမူ ၁၃၇၃ ခုနှစ်က ဂေါပကဥက္ကဋ္ဌ တာဝန်ယူခဲ့သော ဦးခင်မောင်ကျော်လက်ထက်၌ တင်လှူပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။



**ဝေန်မြစ်ရေကြောင့် ကမ်းပြိုခဲ့ရ**

၁၉၂၀ ပြည့်နှစ်ခန့်မှစ၍ ဝေန်မြစ်ရေတိုက်စားမှုဒဏ်ကို လေးမျက်နှာမြို့လေးက ကြံ့ကြံ့ခံရပ်တည်လာခဲ့ရသည်။ ကမ်းပြိုလိုက် နောက်ဆုတ်လိုက်ဖြင့် မြို့လေးက ကွေ့ကွေ့ကောက်ကောက် ဖြစ်လာသည်။ ဘယ်လိုမှ ရပ်တည်၍ မရတော့သည့်အဆုံး ၁၉၉၃ ခုနှစ်တွင် လေးမျက်နှာမြို့ကို ဝေန်မြစ်အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့လိုက်ရသည့်အခါ ထူပါရုံစေတီတော်မြတ်ကြီး၊ ခတ္တူရပ်ကွက်နှင့် ခုံကြီးပိုင်းရပ်ကွက်တို့သည် မြစ်အနောက်ခြမ်းတွင် ကျန်ရစ်ခဲ့တော့သည်။

သမိုင်းဝင် ထူပါရုံစေတီတော်မြတ်ကြီး ရေတိုက်စားမှုမခံရရေးအတွက် လေးမျက်နှာမြို့နယ် ဇာတိဖွား နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ မဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီးက ဦးဆောင်ဦးရွက်ပြု၍ ၁၉၉၂ ခုနှစ်တွင် ကမ်းထိန်းလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ တတ်အားသမျှ ကြိုးစားဆောင်ရွက်ကြသော်လည်း ၂၀၁၆ ခုနှစ်တွင် အခြေအနေ ပိုမိုဆိုးရွားလာသောကြောင့် ဦးဘစိုးမွှာရုံကြီးကိုပင် အနောက်ဘက်သို့ ပြောင်းရွှေ့ဆောက်လုပ်ခဲ့ရသလို စေတီတော်ရင်ပြင် အရှေ့တောင်ထောင့် ပြိုကျသဖြင့် အာရုံခံတန်ဆောင်းအား ဖျက်ခဲ့ရပြီး ရုပ်ပွားတော်များ ပြောင်းရွှေ့ခဲ့ရသည်။ ထို့ကြောင့် သြဝါဒါစရိယ ဆရာတော်များ၏ လမ်းညွှန်မှုဖြင့် ဂေါပကအဖွဲ့နှင့် မြို့မိမြို့ဖများက နိုင်ငံတော်အစိုးရသို့ တင်ပြခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထူပါရုံစေတီတော် ကမ်းထိန်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်၍ အထူးအစီအစဉ်ဖြင့် စတင်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ကျောက်စီမြေထိန်းနံရံဖြင့် ကမ်းပါးဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ မြို့လူထုနှင့် တစ်နယ်လုံးက ကျေးဇူးတင် ဝမ်းသာခဲ့ကြသည်။

**ထူပါရုံကို ဖူးခဲ့သည်**

ငယ်စဉ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားဘဝက မကြာခဏ သွားရောက်ဖူးမြော်ဖြစ်ခဲ့သော ထူပါရုံစေတီတော်မြတ်ကြီး၊ ကြီးလာတော့မှပဲ ပြေးဟယ်လွှားဟယ်နှင့် အဝေးမှလှမ်း၍ လက်အုပ်ချီရသောဘဝသို့ ရောက်ခဲ့သည်။ ဝေန်မြစ်ကြောင်းက မြို့မရပ်ကွက် တစ်ခုလုံးကို ထိုးခွဲဖြတ်စီး၍ ခုံကြီးနှင့် ခတ္တူလည်း နှစ်ခြမ်းကွဲ၊ မြို့မကလည်း အရှေ့ဘက်ကမ်းသို့ ရောက်၊ ဝေန်တံတားကလည်း မရှိသေးသမို့ ဖူးချင်သည့်ဆန္ဒ မည်မျှပင်ပြင်းပျနေစေကာမူ မပြည့်ဝခဲ့သည်မှာ ကာလအတန် ကြာခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့မှာ မွေးရပ်မြေ လှော်ကထား အ-ထ-က၏ (၁၄) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ရွှေရတုပင်ကျောင်းဆောင်ကြီး ပြန်လည်ပြုပြင်တည်ဆောက် လွှဲပြောင်းပေးခြင်း အခမ်းအနားများကို တက်ရောက်ခဲ့ပြီးနောက် ဆရာကြီးဦးကျော်ဟန်၊ ဆရာဦးမြသိန်းတို့နှင့်အတူ ပုသိမ်-မုံရွာကားလမ်းအတိုင်း ကားကိုမောင်းကာ ပန်းတောကြီးရွာကိုရောက်သည်။ ထိုမှ ပန်းတောကြီး-ခတ္တူ-လေးမျက်နှာ ကားလမ်းအတိုင်းမောင်းပြီး ဝေန်တံတား (လေးမျက်နှာ)ကို ဖြတ်လျက် လေးမျက်နှာမြို့သို့သွားကာ ၉ တန်း၊ ၁၀ တန်းနှစ်များက ကျောင်းတက်ခဲ့ရသော လေးမျက်နှာ အ-ထ-က၊ အ-လ-ကကျောင်းများ၏ (၈) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားအား ဒီဇင်ဘာ ၃၁ ရက်တွင်တက်ရောက်ရန်ဖြစ်သည်။ တံတားကြီးကလည်း ဖွင့်ခါနီးပြီမို့ ယာယီဖြတ်သန်းခွင့်ပေးထားသောကြောင့် ထိုတံတား၏ အကျိုးကျေးဇူးကြောင့်ပင် ထူပါရုံကို ဖူးခွင့်ကြုံခဲ့သည်ဆိုလျှင် မမှားပါ။

နှစ်ပေါင်း ၄၀ နီးပါးမျှ အနီးကပ် ဖူးမြော်ခွင့်မရတော့သော ထူပါရုံစေတီတော် ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်လှပေစွ။ ၂၀၁၇ ခုနှစ်တွင် ခတ္တူရပ်ကွက်နေ ဦးအုန်းသိန်း၊ ဒေါ်မြစုမိသားစုတို့က လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူထားခြင်းဖြစ်ကြောင်း သိရသည်။ ဝေန်တံတား (လေးမျက်နှာ) ကို ကြီးကြပ်တည်ဆောက်ခဲ့သော တံတားအထူး (၁၆) အဖွဲ့မှ ဒုညွှန်မှူး ဒေါ်သစ်သစ်အောင်နှင့် ဝန်ထမ်းများက ဆောက်လုပ်လှူဒါန်းထားသည့် အာရုံခံတန်ဆောင်းရှိ ဆင်းတုတော်များကလည်း ကြည်ညိုဖွယ်ရာပင်။ ထိုတန်ဆောင်းထဲမှာပင် လေးမျက်နှာ ဆရာကန်တော့ပွဲသို့ ကြွရောက်လာသည့် ဆရာမကြီး ဒေါ်ဖြူဖြူတင်ကို ဦးချကန်တော့ခွင့် ရခဲ့သည်။ ဆရာမနှင့် မသင်ဖူးသော်လည်း ကျွန်တော်တို့ လှော်ကထား အ-လ-ကတွင် ရှိနေစဉ်ကာလက ဆရာမ၏ ခင်ပွန်းဖြစ်သူ ဆရာကြီး ဦးငြိမ်းထွန်းသည် ဝေန်မြစ်ရေကြီးချိန် ခတ္တူအနောက်ဘက် ရေပြင်၌ လှေမှောက်ပြီး ရေနစ်ကာ ကွယ်လွန်ခဲ့ရသည်မို့ တစ်နယ်လုံးက သိနေခြင်းဖြစ်သည်။

ဘုရားပရိဝုဏ်အတွင်းမှ ယခင် တာဝတိံသာဆင်းဘုရားတန်ဆောင်းမှာ မြစ်ကမ်းနဖူးနှင့် စတုတ်တိုက်အနေအထားသို့ ရောက်ရှိသွားပြီဖြစ်သောကြောင့် နောင်တွင် ဘုရားဆင်းပွဲတော်များ ပြန်လည်ကျင်းပနိုင်ရေး နေရာပြောင်းရွှေ့တည်ဆောက်ရန် ကြိုးပမ်းနေကြောင်း သိရ၍ ဝမ်းသာမိသည်။ ယခုကဲ့သို့ သမိုင်းဝင်ရှေးဟောင်းဘုရားတစ်ဆူ ဝေန်မြစ်အတွင်း ရေခန်းသွားစေရန် ကူညီဆောင်ရွက်ပေးသော နိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ ဝေန်တံတား (လေးမျက်နှာ)ကို အကြောင်းပြု၍ သွားလမ်းလည်းသာ လာလမ်းလည်း သင့်ခဲ့ပြီဖြစ်သောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနကိုလည်းကောင်း၊ ထူပါရုံစေတီတော်ကြီး ဘက်စုံမွမ်းမံ ပြုပြင်လှူဒါန်းခဲ့ကြသော အလှူရှင်အပေါင်းတို့ကိုလည်းကောင်း ကျေးဇူးအထူးပင် တင်မိပါသည်။ အခွင့်အခါသင့်လျှင်ဖြင့် ကျွန်တော်တို့၏ မွေးရပ်မြေ လေးမျက်နှာမြို့လေးရှိရာ လှမ်းကြွပြီး ဝေန်တံတားပေါ်မှတစ်ဖုံ၊ ဘုရားပရိဝုဏ်သို့ အရောက်သွား၍တစ်နည်း၊ စတုမုခ ထူပါရုံစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်နိုင်ကြစေရန် ရည်သန်ရေးသားတင်ပြလိုက်ရပါသည်။ ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြဆန်း

မြန်မာ့မီးရထား(ငြိမ်း)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ ဦးညိုလမ်း၊ အမှတ်(၁၃၈)နေ (ဦးဘိုးဘ-ဒေါ်ဖွားသင်)တို့၏ သား၊ (ဦးမောင်ငယ်-ဒေါ်လုံမ)တို့၏ သားသမက်၊ (ဦးစောငြိမ်း-ဒေါ်သန်းမြင့်)၊ ဦးမောင်မောင်မြင့်-ဒေါ်အေးသန်း၊ (ဦးအေးမြင့်)၊ ဦးကျော်ဝင်းနိုင်-ဒေါ်ခင်သန်းအေး၊ (ဦးဝင်းမောင်)-ဒေါ်နွဲ့နွဲ့စန်း၊ ဦးဝင်းမြင့်-ဒေါ်သဇင်လှိုင်၊ ဦးသန်းထွန်းဦး၊ ဦးမိုးကျော်သူ-ဒေါ်မာမာစိန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၉ ယောက်၊ မြစ် ၂၀ ယောက် တို့၏ အဘိုး၊ (ဒေါ်မြစိန်၊ ဒေါ်ခင်လှ)တို့၏ ခင်ပွန်းသည် ၁၆-၂-၂၀၁၉ (စနေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

## ဦးအောင်ကြီး (နတ်သမီးရွှေဆိုင်-မအူပင်)

**အသက်(၈၀)**

မအူပင်မြို့ မင်းလမ်း၊ အမှတ်(၈၃)နေ (ဒေါ်တင်လှ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစည်ငွေး-ဒေါ်လွင်လွင်သန်း(စည်တော်ရတနာရွှေဆိုင်)၊ ဦးဇော်ဝင်းအောင်-ဒေါ်ခင်စန်းဝေ (MD-Myanmar Victory Marks (MVM)) တို့၏ ချစ်လှစွာသောဖခင်၊ မဆုမြတ်စန္ဒီ (Director-Myanmar Victory Marks (MVM))၊ မောင်ဝေယံပိုင် (Maubin University)၊ မသက်မှူးစံ (Maubin University)တို့၏ အဘိုးသည် ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ မအူပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဗိုလ်ကြီးဝင်းဆွေ (ငြိမ်း)

အမှတ်-ဇ၆၃၊ ဆ-လ-အ (ခွဲ)

**အသက် (၆၈) နှစ်**

ရေတာရှည်မြို့နေ (ဦးလှရွှေ-ဒေါ်အေးကြည်)တို့၏သား၊ ညောင်လေးပင်မြို့နေ (ဦးသောင်းတင်-ဒေါ်ရွှေရင်)တို့၏သားသမက်၊ မန္တလေးမြို့နေ ဦးခင်မောင်-ဒေါ်စန်းမြင့်တို့၏မောင်၊ အုတ်တွင်းမြို့နေ ဦးမြင့်နိုင်-ဒေါ်သီတာမြင့်၊ ရေတာရှည်မြို့နေ ဦးမိုးခိုင်-ဒေါ်ဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ အမှတ်(၁၈၅/၁၈၆) နေဒေါ်တင်ရီ (အလပြ၊ အထက-၂၊ မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယလှသောင်းကျောင်း-ငြိမ်း)၏ခင်ပွန်း၊ ကိုရဲသွင်းဦး-မအိအိဖြိုး၊ ကိုမျိုးမင်းဆွေ-မခင်စန္ဒာထွန်း၊ ကိုအောင်မျိုးဟိန်း-မထက်မြက်ဖြူ၊ ကိုပြည့်ဖြိုးမောင်၊ ကိုအေးကိုကို-မအိအိဇော်တို့၏ မွေးသဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇း၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပိဋကတ်သုံးပုံ၊ ကထိန် ဒါယကာကြီး

## ဦးကျော်ရွှေ (B.A, H.G.P)

**စစ်မှုထမ်းဟောင်း(ငြိမ်း)၊ ရုံးအုပ်ကြီး (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်)**

**အသက်(၈၆)နှစ်**

မိတ္ထီလာမြို့နေ (ဦးစံရီ-ဒေါ်အေးချယ်)တို့၏ သားထွေး၊ မြိတ်မြို့နေ (ဦးဖိုးခိုင်-ဒေါ်ရွှေတင်)တို့၏သားသမက်၊ [ဒေါ်ရီရီ(ရုံးအုပ်ကြီး-ငြိမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)]၏ခင်ပွန်း၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ် (၂၁၄)နေ ဦးသိန်းထွန်းဦး၊ ဦးအောင်ကျော်မိုး-ဒေါ်ဆုဝင်းယဉ်၊ ဦးရဲစိုးသွင်၊ ဒေါ်ခင်ထက်ဆွေ(ခ) ရွှေပန်းချီ(MRTV)၊ ဒေါ်စိုးမြတ်မြတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး ဦးကျော်ရွှေသည် ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၉ (သောကြာနေ့)တွင် အမှတ်(၂၁၄)၊ မြေညီ (ဝဲ)၊ (၃၇)ထက်လမ်း၊ ကျောက်တံတားမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံမြင့်(ခ)ကိုဝင်း(အိမ်မဲ) (၇၄)နှစ်

**CDC-12060(A/B)**

**Marina Shipping**

အိမ်မဲမြို့နယ်၊ ဆင်ဆိပ်ကျေးရွာနေ (ဦးစိန်ခို-ဒေါ်စိန်ခ)တို့၏ သား၊ (ဦးဒိုဘား-ဒေါ်နှင်းငွေ)တို့၏ သားသမက်၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၇၄)နေ ဒေါ်သန်းကြွယ်၏ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးဝင်းနိုင်-မမိုးမိုးသင်း၊ ကိုကျော်ဇေအောင်-မနီနီခိုင်၊ မဖြူမာမြင့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မငြိမ်းဆုသာ၊ မောင်ဖွဲ့ထက်နိုင်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်စန်းလွင်

**အသက်(၉၆)နှစ်**

**ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)**

ဆရာမကြီး ဒေါက်တာဒေါ်စန်းလွင် သည် ၁၀-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဆရာမကြီး၏ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင် တပည့်**
**ကျောင်းသူ/ကျောင်းသားများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့ (၁၇)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၄၈)နေ ဦးအောင်ညွန့် [၁၄/ဓနဖ(နိုင်)၀၈၂၉၇၃]+ဒေါ်မြင့်မြင့်ခင်[၁၄/ဓနဖ(နိုင်)၀၆၆၃၀၉]မှ ဓနုဖြူမြို့ (၁၇)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၅)၊ ဦးပိုင်အမှတ်(၃၆-ဂ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်တင်အမည်ပေါက် လန(၃၉)ကျပြီး အိမ်မြေကွက်အား ဒေါ်တင်ကွယ်လွန်သွားသဖြင့် ဒေါ်တင်၏တူဖြစ်သူ ဦးမြတ်ကျော်အောင်ထံမှ ၂၂-၁၂-၂၀၀၈ရက်စွဲပါ ဓနုဖြူမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ စာချုပ်အမှတ်(၁၂၁/၂၀၀၈)ဖြင့် ဝယ်ယူပြီး ကျမ်းကျိန်လွှာ၊ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများဖြင့် မြေငှားဂရန်ရရှိရေးအတွက် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## အာနိစ္စ

## ဦးကျော်ရင် (သံတွဲ)

**အငြိမ်းစားတပ်မတော်(လေ)**

**လေ-၃၃၀၁**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဿဖယားလမ်း၊ တိုက်(၃၂)နေ (ဦးဘသန်း-ဒေါ်သိန်းညွန့်)တို့၏ သား၊ ဒေါ်ငွေရှင်၏ ခင်ပွန်း၊ မနုနုရှင်၏ ဖခင်သည် ၁၅-၂-၂၀၁၉ ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းဇော်(ခ)
## ဦးသိန်းဇော်တင်

**မျိုး(မိသာစုမျှစ်ပွဲရုံ) သီရိမင်္ဂလာဈေး**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၇)၊ အမှတ်(၀၀၄)နေ (ဦးအုံးတင်-ဒေါ်မျိုး)တို့၏ သားကြီး၊ ဦးမိုးဇော်တင်၊ ဦးစိုးရွှေ-ဒေါ်ချိုချို၊ ဦးဝင်းစိုး-ဒေါ်နွယ်နီ၊ [ဦးစည်သူဇော်တင် (ခ) ဦးသံလုံး]၊ ဦးအောင်နိုင်-ဒေါ်လွင်လွင်ဟန်၊ ကိုရဲမင်းထွဋ်တို့၏ အစ်ကိုကြီး၊ တူ/တူမ လေးယောက်တို့၏ ဘကြီးသည် ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့်**
**အသက်**
**ကယ်ပါ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဃောသိတ
## သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၇၆)နှစ်

**နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုတ်ရပ်ကွက်၊ တူမောင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဃောသိတ သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၇၆)နှစ်၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၂ ရက်) ၁၆-၂-၂၀၁၉ (စနေနေ့) ည ၉း၂၀ နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပမည့်ရက် ထပ်မံကြေညာပါမည်။

တပည့်သံဃာများ
တူမောင်းတိုက်

## ဦးအုန်းမောင် (ရွှေတောင်)

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်(၁၀၁)၊ အခန်း(၂)နေ (ဦးဖိုးဦး-ဒေါ်ဖွားတင်)တို့၏ သား၊ ဒေါ်တင်နွယ်အေး၏ခင်ပွန်း၊ (ဒေါ်တင်တင်လှိုင်)၊ ဒေါက်တာတင်နှင်းနှင်းမောင်(လက်ထောက်ညွှန်မှူး၊ ပညာရေးဝန်ကြီးဌာန နေပြည်တော်)တို့၏ ဖခင်၊ ဦးဇော်လွင်ဝင်း(ဒု-ညွှန်မှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဒေါ်ကေသီခိုင်၊ မကေသီလှိုင်၊ ကိုအောင်စိုးမိုး၊ စိုးမမတို့၏ အဘိုး၊ မြစ်ရှစ်ယောက်တို့၏ အဘေးသည် ၁၇-၂-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်ရွှေ (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း) (၈၆)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးရာလေး-ဒေါ်အေး)တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျွန်းဦးကျေးရွာနေ (ဦးအောင်ငြိမ်း-ဒေါ်ကောက်)တို့၏ သားသမက်၊ ကိုခင်အောင်စိုး-မခင်ရီဦး၊ ကိုသောင်းရွှေ-မမြင့်မြင့်စန်း၊ ကိုလှခိုင်-မသန်းသန်းအေး၊ (ကိုသန့်ဇင်)၊ ကိုမြဇင်-မအေးအေးကြည်၊ (ကိုအံ့ဇင်)-မအေးအေးသန်း၊ ကိုရွှေဇင်-မသန်းသန်းထွေး၊ မမြင့်မြင့်ဇင်၊ ကိုအောင်အောင်ဇင်-မခင်မျိုးမင်း(မြတ်မိခင်-မိသားစု)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၄ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုး၊ (ဒေါ်ငြိမ်းရင်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အမှတ်(၂၆)၊ ပထမထပ်၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြိုင်

**အသက်(၈၅)နှစ်**

**သက်ကြီးပူဇော်ခံစာရေးဆရာ ဖေအောင်ကြိုင်**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**နေဖြူ (နဲ့ကြီး)**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၈၄၈)နေ (ဦးဘမောင်-ဒေါ်စိန်ပု)တို့၏ သား၊ ဦးသက်နိုင်-ဒေါ်မိမိကြိုင် (ထ-၁၊ ဗိုလ်တထောင်-ငြိမ်း)၊ ဦးလင်းအောင် (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ဆရာမဒေါ်စန္ဒာအောင် (ထ-၁၀၊ တာမွေ)တို့၏ ဖခင်၊ မောင်ရှင်းသန့်၊ မောင်သင့်မြတ်(ခေတ္တ-ဂျာမနီ)တို့၏ အဘိုး ဦးအောင်ကြိုင်သည် ၁၇-၂-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ညွန့်

**ဒုအရာခံဗိုလ်(ငြိမ်း)**

**အသက်(၇၁)နှစ်**

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်နေ (ဦးပျော်ရွှင်-ဒေါ်အုံးမြိုင်)တို့၏သား၊ ဦးသိန်းထွန်းဦး-ဒေါ်သက်သက်ရီ၊ ဒေါ်ရတနာထွန်း(မှုအုပ်)၊ မောင်မျိုးသူရအောင်-မရီရီခိုင်၊ မောင်သန်းထိုက်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်စန်းစန်းမြင့်(စည်ပင်ဈေးများဌာန၊ ငြိမ်း)၏ ခင်ပွန်းသည် ၁၆-၂-၂၀၁၉ (စနေနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီထိ တိုက်(စီ-၄)၊ အခန်း(၄၀၁)၊ ဗိုလ်ဗထူးအိမ်ရာ၊ (၄၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝက်သက်ရောဂါ သတိပြုပါ(၃)

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles virus)ကြောင့် ဖြစ်ပွားသည်။ ဝက်သက်ရောဂါဖြစ်ပွားပါက ဝက်သက်ဗိုင်းရပ်စ်ကို သတ်နိုင်သော ပိုးသတ်ဆေးမရှိပါ။ ကာကွယ်ဆေးကြိုတင်ထိုးထားခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်းဖြစ်သည်။

**ဘယ်သူတွေကိုကူးစက်နိုင်ပါသလဲ**

ကာကွယ်ဆေးမထိုးသူများအားလုံး (အသက်အရွယ်မရွေး၊ ကျား/မ မရွေး) ဝက်သက်ရောဂါကူးစက်နိုင်ပါသည်။

**ဘယ်လိုပြုစုကုသရမှာလဲ**

- ❖ အရည်များများတိုက်ပါ။
- ❖ ကောင်းစွာအနားယူပါ။
- ❖ ဗီတာမင်အေထပ်မံတိုက်ကျွေးပေးရပါမည်။
- ❖ အခြားသူများကိုမကူးစက်အောင် သီးသန့်နေထိုင်ရပါမည်။
- ❖ ဆေးမြီးတိုများဖြင့် ကုသခြင်း မပြုပါနှင့်။
- ❖ နောက်ဆက်တွဲဆိုးကျိုးလက္ခဏာများပေါ်ပေါက်ပါက ဆေးရုံတွင်ထိရောက်စွာ ကုသရပါမည်။

**ဘယ်လိုကာကွယ်ရမလဲ**

- ❍ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပါ။ (ပထမအကြိမ် - ကလေးအသက် (၉)လနှင့် ဒုတိယအကြိမ် - ကလေးအသက် (၁၈)လ )
- ❍ ဝက်သက်ပေါက်နေသူနှင့်ထိတွေ့ခြင်းနှင့် လူစုလူဝေးထူထပ်သောနေရာများသို့ သွားလာခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- ❍ လူနာနှင့်ထိတွေ့ပါက နှာခေါင်းနှင့် ပါးစပ်ကို လုံအောင်အုပ်ပါ။
- ❍ လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။

**ဝက်သက်ရောဂါကြိုတင်ရန် မိမိ၏ကလေးငယ်ကို ကာကွယ်ဆေးထိုးနှံပါ။**
**ပထမအကြိမ် - အသက် (၉)လ**
**ဒုတိယအကြိမ် - အသက် (၁၈)လ**
**ဝက်သက်ရောဂါကာကွယ်ဆေးလုံးဝမထိုးရသေးသောအသက် (၅)နှစ်အောက် ကလေးများကို နီးစပ်ရာကျန်းမာရေးဌာနတွင် သွားရောက်၍ထိုးနှံပေးပါ။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အရက်သောက်သုံးခြင်းကြောင့် ဖြစ်တတ်သော ကျန်းမာရေး ထိခိုက်မှုများ

အရက်သောက်သုံးခြင်းကြောင့် အောက်ပါ စိတ်ပိုင်းဆိုင်ရာပြဿနာများ ခံစားရနိုင်ပါသည်။

- ❍ စိတ်ဖောက်ပြန်ခြင်း
- ❍ စိတ်ကြွ စိတ်ကျရောဂါဖြစ်ခြင်း
- ❍ မိမိကိုယ်ကို သတ်သေရန် ကြိုးစားခြင်းနှင့် သတ်သေခြင်း
- ❍ သံသယလွန်ခြင်း
- ❍ အတက်ရောဂါဖြစ်ခြင်း
- ❍ ညအိပ်မပျော်ရောဂါရရှိခြင်း
- ❍ မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း
- ❍ ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်း တို့ ဖြစ်တတ်ပါသည်။

**အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူတတ်ပြီး လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများ ထိခိုက်စေပါသည်။**

**သို့ဖြစ်ပါ၍ အရက်သောက်သုံးမှုကို ရှောင်ကြဉ်ပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဦးစိန်သောင်း

**အသက်(၆၈)နှစ်**

**B.A(LAW)LL.B (1974-79)**

**တရားလွှတ်တော်ရှေ့နေ၊ ဥပဒေအရာရှိ-ငြိမ်း၊ (ဇေယျ-၅၉)**

မော်လမြိုင်မြို့နေ (ဦးသန်းကျော်-ဒေါ်အေးမြိုင်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်မေမေမြင့်)တို့၏ သားသမက်၊ ဦးမောင်ကြီး-ဒေါ်လှကျင်၊ (ဦးဘရွှေ)၊ ဦးတင်ရွှေ ဒေါ်မြစိန်၊ (ဦးမြလွင်)တို့၏ ညီ/မောင်၊ ဦးသန်းထွန်း-ဒေါ်သန်းထွေးတို့၏ အစ်ကို၊ ရန်ကုန်မြို့နေ ဒေါ်သက်မြင့်အေး (ဒု-တိုင်းဒေသကြီး၊ ဥပဒေအရာရှိ-ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး)၏ ခင်ပွန်း၊ ဒေါ်အိကေခိုင် (ဦးစီးအရာရှိ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ဖခင် ဦးစိန်သောင်းသည် ၁၇-၂-၂၀၁၉ ရက် နံနက် ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ [ရွှေပြည်သာမြို့နယ်၊ အမှတ်(၁/၅၈)ရပ်ကွက်၊ သစ္စာလမ်း၊ (နိဗ္ဗိန္ဒကျောင်းလမ်း)၊ အမှတ်(၃၈/၃၉)နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်မြို့တွင်း၌ Line Walker-2 ဇာတ်ဝင်ခန်း အစမ်းလေ့ကျင့်မှုပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဟောင်ကောင်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနှိမ်နင်းမှုကို ဇာတ်လမ်းဆင် ရိုက်ကူးတင်ဆက်ထားသည့် Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်း အစမ်းလေ့ကျင့်မှုကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းနှင့် အနော်ရထာလမ်းကြားရှိ City Star ဟိုတယ်အနီး ပြုလုပ်သည်။**(ယာပုံ)**

**ပူးပေါင်းပါဝင်**

ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက်မှ ဦးဖုန်းကျော်မြင့်က "ဒီနေရာမှာ ရုပ်ရှင်လာရောက်ရိုက်ကူးတဲ့အတွက် ရပ်ကွက်နေပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်။ တစ်ခါမှလည်း မမြင်ဖူးဘူး။ ရိုက်ကူးရေးအဖွဲ့တွေက မနက် ၇ နာရီ လောက်ကတည်းကလာတယ်။ ကြိုတင်ပြင်ဆင်နေတာတွေတွေ့ရတယ်။ ဒီနေရာမှာ ရုပ်ရှင်လာရိုက်ကူးတဲ့အတွက် ကျွန်တော်တို့ ရပ်ကွက်၊ မြို့ နိုင်ငံကို နိုင်ငံတကာက သိသွားမှာဖြစ်တဲ့အတွက် ရပ်ကွက်နေပြည်သူတွေကလည်း အားလုံး ပူးပေါင်းပါဝင်ပေးပါတယ်" ဟု ပြောသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**




# အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား ဂုဏ်ပြုကြိုဆို

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သည့် 2019 Hero Gold Cup အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**(အောက်ပုံ)

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ◯**



## ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာ စာမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာ ကျောင်းသင်ခန်းစာ စာမျက်နှာပါရှိပါသည်။

# မြန်မာ ယူ-၂၂ အသင်း အုပ်စုအဖွင့်ပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယနေ့ကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့ကို ဖေဖော်ဝါရီ ၁၈ ရက် (ယနေ့)ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အဖွင့်ပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အုပ်စုနှစ်ခုခွဲ၍ ကျင်းပ**

အုပ်စု(ခ)ပထမနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာနှင့် အင်ဒိုနီးရှား၊ ညနေ ၆ နာရီတွင် အိမ်ရှင် ကမ္ဘောဒီးယားနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပနေပြီး အုပ်စု (က)တွင် ဗီယက်နမ်၊ ထိုင်း၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (ခ)တွင် မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိသည်။

**လေ့ကျင့်ပြင်ဆင်**

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်က "အုပ်စုအနေအထားကတော့ အားလုံးသိထားတဲ့အတိုင်း အုပ်စုကျပ်ပါ။ အသင်းတွေအားလုံးက တောင့်တင်းသလို အိမ်ရှင်အသင်းလည်း ပါဝင်နေပါတယ်။ ပွဲတိုင်းကို အာရုံစိုက်ပြီး ကစားမှာပါ။ အကောင်းဆုံး အနေအထားရရှိအောင် လေ့ကျင့်ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချိန် နှစ်ပတ်နီးပါးရပြီး လိုချင်တဲ့ အနေအထားတစ်ခုရအောင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

